မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်နေ့၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၄၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်ပမှ စားအုန်းဆီများ နှစ်စဉ်ဝယ်ယူတင်သွင်းဖြန့်ဖြူးပေးနေရမှုကို ဆီထွက်နေကြာဖြင့် အစားထိုးပြီး ဆီဖူလုံရေးအတွက် ထိရောက်စွာ ဆောင်ရွက်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပျော်ဘွယ်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ချောင်းမကြီးခြံ တစ်ဆက်တစ်စပ်တည်း နေကြာစပ်မျိုးများ ဧက ၅၀ စိုက်ခင်း၌ ဒေသခံတောင်သူများအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးမှုကော်မတီအတွင်းရေးမှူးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရမည်းသင်းမြို့နယ် စည်ပင်ကျေးရွာအနီးရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စည်ပင်ခြံသို့ ရောက်ရှိရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စပ်မျိုးနေကြာ စိုက်ပျိုးထုတ်လုပ်မှုနှင့် F-1 စပ်မျိုးနေကြာ တစ်ဧကတင်း ၅၀ မှ ၆၀ အထိ ထွက်ရှိနိုင်ပြီး တစ်ဧကဆီပိဿာ ၂၂၀ ထွက်ရှိနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက သုံးငွေ၊ ဝင်ငွေ တွက်ခြေကိုက်ပြီး စိုက်ပျိုးရာ၌ ဖြစ်ထွန်းအောင်မြင်လွယ်ကူသည့် ဆီထွက်နေကြာအား တိုးချဲ့စိုက်ပျိုး အကောင်အထည်ဖော်သွားရန်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့ ပူးပေါင်းပြီး F-1 စပ်မျိုးနေကြာမျိုးစေ့ထုတ်လုပ်ငန်းအား ပုဂ္ဂလိကအခန်းကဏ္ဍမှ ပါဝင်ထုတ်လုပ်လာစေရေးအတွက် ပညာပေးလုပ်ငန်းများကို နယ်မြေဒေသအလိုက် စံပြစိုက်ကွင်းများထူထောင်ပြီး ယခုထက်ပိုမို၍ တိုးတက်စိုက်ပျိုး အကောင်အထည်ဖော်ရန် မှာကြားသည်။

ဆက်လက်၍ ပျော်ဘွယ်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ချောင်းမကြီးခြံ တစ်ဆက်တစ်စပ်တည်း နေကြာစပ်မျိုးများ ဧက ၅၀ စိုက်ခင်းသို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီးက ပြည်ပမှ စားအုန်းဆီများ နှစ်စဉ်ဝယ်ယူတင်သွင်း *စာမျက်နှာ ၈ ကော်လံ ၁* ▲

ပဲခူး-စစ်တောင်း တူးမြောင်းတံတား မကြာမီဖွင့်လှစ်တော့မည် လုပ်ငန်းများအားလုံး တံတားနှင့်အတူ တစ်ပြိုင်တည်း ပြီးစီးရေးဆောင်ရွက်

ပဲခူး-စစ်တောင်းတူးမြောင်းတံတား

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်မြင့် ပဲခူး-စစ်တောင်းတူးမြောင်းတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် စက်တင်ဘာ ၉ ရက် ညနေပိုင်းတွင် ရန်ကုန်- မန္တလေးအမြန်လမ်း (မြို့ချောင်း-သာဂရ) လမ်းအပိုင်း မိုင်တိုင်အမှတ်(၁၆၅/၀)နှင့် (၁၆၅/၃) အကြား၌ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျချောင်းရေ တိုက်စားမှုကြောင့် ဆွာချောင်းတံတား ကမ်းကပ်ခုံမြေထိန်းနံရံ ပျက်စီးမှုကို လူအင်အားဖြင့် သဲအိတ်များချ၍ ကာကွယ်ထိန်းသိမ်းနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရေရှည်ခိုင်ခံ့

ထို့နောက် တံတားရေတိုက်စားမှု ထပ်မံမဖြစ်ရန် သဲအိတ်များချ၍ ကာကွယ်ရန်၊ ရေရှည်ခိုင်ခံ့မှုရှိအောင် ကျောက်စီရေကာနံရံများ ပြုလုပ်ပေးရန်နှင့် ချောင်းရေစားမှု လမ်းကြောင်းလွှဲပြုလုပ်ပေးရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၁၀ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်-မန္တလေးအမြန်လမ်း ဘုရားကြီးလမ်းခွဲမှတစ်ဆင့် ရန်ကုန်-ပဲခူး-မော်လမြိုင် ကားလမ်း၌ ရွှေသံလွင်ကုမ္ပဏီက B.O.T စနစ်ဖြင့် လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒိုက်ဦး-စစ်တောင်းလမ်းရှိ ပဲခူး-စစ်တောင်းတူးမြောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၂)မှ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် အင်ဂျင်နီယာချုပ် ဦးတင့်ဆန်းတို့၏ တံတားတည်ဆောက်မှုနှင့် တံတားချဉ်းကပ်လမ်းလုပ်ငန်းများ *စာမျက်နှာ ၃ ကော်လံ ၄* ◆

မြန်မာ့အလင်း

ယနေ့ ဖတ်စရာ၊ မှတ်စရာ

လ လေ့လာရေး ဂြိုဟ်တုနှစ်လုံး နာဆာ လွှတ်တင်။ (စာ-၄)

လျှပ်စစ်မော်တော်ယာဉ် စမ်းသပ်ထုတ်လုပ်မှု အောင်မြင်။ (စာ-၆)

ကမ္ဘာကျော် အဆိုတော် တေလာဆွစ် ကျေး လက် ဂီတဆု ဆွတ်ခူးရန် ရေပန်းစား။ (စာ-၁၂)

12-9 (01).pmd 1 9/12/2011, 3:38 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၂ ရက်)

တိုးတက်ပြောင်းလဲလျက်ရှိသည့် အိုင်တီနည်းပညာများ လေ့လာဆည်းပူး

မျက်မှောက်ကာလတွင် ကမ္ဘာကြီးသည် အချိန်နှင့်အမျှတိုးတက်ပြောင်းလဲ သစ်ဆန်းနေသကဲ့သို့ ကမ္ဘာတစ်ဝန်း၌ သတင်းအချက်အလက်နည်းပညာရပ်များ စဉ်ဆက်မပြတ် တိုးတက်လျက်ရှိသည်။ အဆင့်မြင့်ဆက်သွယ်ရေးနည်းပညာများ တိုးတက်မြင့်မားလာသည့်အလျောက် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရပ်များ၊ အီလက်ထရွန်နစ်ဆိုင်ရာ အဆင့်မြင့် အင်ဂျင်နီယာဘာသာရပ်များကို လေ့လာဆည်းပူးတတ်မြောက်ထားရန် လိုအပ်သည်။

မြန်မာနိုင်ငံတွင် အိုင်တီနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ယနေ့ လူငယ်များ နိုင်ငံတကာနှင့်ယှဉ်သောနည်းပညာများ လေ့လာခွင့်ရရှိရန် အိုင်တီဆိုင်ရာနည်းပညာပြပွဲများ စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိသည်။

အိုင်တီဆိုင်ရာ နည်းပညာပြပွဲများသည် သတင်းအချက်အလက်နည်းပညာဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုခြင်း၊ ပြည်သူများ၏ နေ့စဉ်လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးကို အိုင်တီနည်းပညာဖြင့် ဖြည့်ဆည်းပေးနိုင်ခြင်း၊ ခေတ်မီနည်းပညာရပ်များကို ကမ္ဘာနှင့်အမီ ကျယ်ကျယ်ပြန့်ပြန့် လေ့လာသိရှိနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေသည်။

တိုးတက်ပြောင်းလဲသည့် နည်းပညာများကို လေ့လာသိရှိခွင့်ရရှိသည်နှင့်အမျှ ယနေ့လူငယ်များသည် နည်းပညာနယ်ပယ်၌ နိုင်ငံတကာအဆင့်အထိသို့ တက်လှမ်းနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်၊ အိုင်စီတီကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်နှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အားပေးမြှင့်တင်ပေးလျက်ရှိသည်။

သိပ္ပံနှင့် နည်းပညာနယ်ပယ်၌ နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မည့် နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)သည် နိုင်ငံတကာတက္ကသိုလ်အသီးသီး၌ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကသင်ကြားပေးလျက်ရှိသည့် ခေတ်မီအဆင့်မြင့် အိုင်စီတီနည်းပညာရပ်များ၊ အီလက်ထရွန်နစ်နှင့် ဆက်သွယ်ရေးနည်းပညာရပ်များ၊ စက်ပစ္စည်းထုတ်လုပ်ရေးပညာရပ်များနှင့် အဆင့်မြင့် ဒြပ်ပစ္စည်းထုတ်လုပ်ရေးပညာရပ်များကို သုတေသနအခြေခံပြီး ပစ္စည်းသစ်များ တီထွင်ထုတ်လုပ်နိုင်ရန် လေ့ကျင့်သင်ကြားပေးလျက်ရှိသော သုတေသနအခြေပြု တက္ကသိုလ်တစ်ခုဖြစ်သည်။

ယနေ့အချိန်အခါတွင် အိုင်တီနည်းပညာများကို အခြေပြု၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလျက်ရှိရာ သိပ္ပံနှင့်နည်းပညာနယ်ပယ်၌ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရေးအတွက် အိုင်တီနည်းပညာရပ်များကို မျက်ခြည်မပြတ်လေ့လာပြီး တိုးတက်ပြောင်းလဲလာသည့် လူနေမှုစနစ်၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့တွင် တွဲဖက်အသုံးပြုသွားပါက လုပ်ငန်းများ ပိုမိုတိုးတက် အောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဟောပြောပွဲကို စက်တင်ဘာ ၁၀ ရက်က ကြည့်မြင်တိုင်မြို့နယ် အထက(၁) ကျောင်း မြဝတ်ရည်ခန်းမ၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးမှူး ဦးအုန်းသောင်း ရှင်းလင်းဟောပြောစဉ်။ (၀၄၂)

အုတ်ဖိုမြို့နယ်၌ စပါးများအောင်မြင်ဖြစ်ထွန်းနေမှု ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက သာယာဝတီခရိုင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၉) ညှော့ရိပ်သာ၌ တောင်သူလယ်သမားများ အသုံးပြုနေသည့် လက်တွန်းထွန်စက်၊ ကောက်ရိတ်စက်နှင့် ခြွေလှေ့စက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အုတ်ဖိုမြို့နယ် ဂုန်ညင်းတန်းတောင်ကွင်းမင်းလှဆည်ရေသောက်ဧရိယာ၌ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် တောင်သူဦးညွန့်ဆွေ၏ ပညာပေးစိုက်ခင်းတွင် အောင်မြင်ဖြစ်ထွန်းနေသော စပါး ၁၀ ဧကကို ကြည့်ရှုစစ်ဆေးသည်။

ယခု အောင်မြင်ဖြစ်ထွန်းနေသော အထူးအထွက်တိုးစပ်မျိုးစပါးသည် တစ်ဧကလျှင် တင်း ၁၆၀ ခန့် ထွက်နိုင်ကြောင်းနှင့် ဆင်းသုခစပါးသည် တစ်ဧကလျှင် တင်း ၁၂၀ ခန့် ထွက်ရှိနိုင်ကြောင်းသိရသဖြင့် လယ်သမားများအနေဖြင့် မိရိုးဖလာစိုက်ပျိုးမှု အထွက်နှုန်းထက် နှစ်ဆခန့်တိုး၍ထွက်ရှိမည်ဖြစ်ခြင်းကြောင့် အထူးဝမ်းသာနေကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အုတ်ဖိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဇီးကုန်းမြို့နယ် ဝက်ကော်ကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ဝိုင်းဝန်းစောင့်ရှောက်ရန်၊ အနာဂတ်တွင်တိုင်းပြည်တာဝန်ကို ပခုံးပြောင်းတာဝန်ယူနိုင်မည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာအောင် လေ့ကျင့်တည်ဆောက်ပေးရန် မှာကြားပြီး အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရည်ချွန်ဆုပေးပွဲနှင့် ထောက်ပံ့ကြေးပေးအပ်ပွဲ ကျုံပျော်မြို့နယ်၌ ကျင်းပ

ကျုံပျော် စက်တင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၄ ရက်က ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဌာနဝန်ကြီး ဦးတင်စိုး၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်း၊ မြို့နယ် အုပ်ချုပ်ရေးမှူးဦးသန်းစိန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆုရကျောင်းသားကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီး ဦးတင်စိုးက ငါးဘာသာဂုဏ်ထူးရှင် နန့်သက်ရီဦးအား ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး ဟောပြော

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးများ အလွဲသုံးမှုအန္တရာယ်ဆိုးကျိုးများ တားဆီးကာကွယ်ရေး ဟောပြောပွဲကို စက်တင်ဘာ ၇ ရက်က အထက(၁) ကျောင်းခန်းမ၌ကျင်းပရာ မူးယစ်ဆေးဝါးတားဆီးရေးဗဟိုမှ ရဲအုပ်မြင့်သိန်းက မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးများ အလွဲသုံးမှုအန္တရာယ် ဆိုးကျိုးများတားဆီးကာကွယ်ရေးဟောပြောပြီး ရန်ကင်းမြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးအောင်မင်းက မူးယစ်ဥပဒေများအကြောင်း ဟောပြောကြကြောင်း သိရှိရသည်။ (၀၄၃)

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် သားသမီးများ ပညာရည်ချွန်ဆုပေးပွဲနှင့် ရေးသူဖတ်သူ ဆွေးနွေးပွဲကျင်းပ

အင်းစိန် စက်တင်ဘာ ၁၁

အင်းစိန်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ အဖွဲ့ဝင်သားသမီးများ ပညာရည်ချွန်ဆုပေးပွဲနှင့်ရေးသူဖတ်သူဆွေးနွေးပွဲအခမ်းအနားကို ဩဂုတ် ၂၇ ရက်က အင်းစိန်မြို့နယ် စုပေါင်းရုံးဝင်းအတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူး စည်းဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်သိန်း၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းဝေ (ဒါရိုက်တာဘုန်းဝေ)နှင့် ဒုတိယဥက္ကဋ္ဌ ပညာရေးကော်မတီအဖွဲ့ ခေါင်းဆောင် ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)တို့က အမှာစကားပြောကြားကြသည်။

ထောက်ပံ့ပေးအပ်

ထို့နောက်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၏ သားသမီးများဖြစ်ကြသော လေးဘာသာဂုဏ်ထူးရှင်မထက်ထက်လွင်သိန်းနှင့် မစုသရီအောင်သင်းတို့ကို ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြပြီး အဖွဲ့ဝင်သားသမီး ၁၇ ဦးတို့ကို စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ဟောပြော

ဆက်လက်၍ ရေးသူဖတ်သူဆွေးနွေးပွဲကျင်းပရာ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦး (ပြည်-စိုးမင်း)နှင့် ပညာတန်ဆောင် မဂ္ဂဇင်းအယ်ဒီတာအဖွဲ့ဝင် ဦးကျော်စိုး (မောင်ကျေးဇူး)တို့က စာပေရေးရာများ ဟောပြောခဲ့ကြပြီးနောက် တက်ရောက်လာသော စာပေဝါသနာရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့)

သစ်တော
သစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်
စိုက်ပျိုး
အလေ့တိုး

တစ်ပိုင်တစ်နိုင် ငါးမွေးမြူသူများအား ဟင်္သာတမြို့နယ်၌ ငါးမျိုးများထောက်ပံ့

ဟင်္သာတ စက်တင်ဘာ ၁၁

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် မွေးမြူရေးနှင့် သား၊ ငါးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလုပ်ငန်းတစ်ရပ်အနေဖြင့် ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးများထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက် ၁၀ နာရီက ဟင်္သာတမြို့နယ် အိပ်ပျက်ကျေးရွာ ရေချိုငါးဖမ်းလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် ဦးစံဝင်း၏ အိပ်ပျက်အင်းတွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးသန်းစိန်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်တို့က ကျေးလက်ဒေသတစ်ပိုင်တစ်နိုင် ငါးမွေးမြူသူများအား ငါးများထောက်ပံ့ပေးအပ်သည့် အစီအစဉ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ငါးသယံဇာတထိန်းသိမ်းခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးသန်းစိန်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်၊ ရေချိုငါးဖမ်းလုပ်ငန်းရှင်များအသင်း အမှုဆောင် ဦးစံဝင်းတို့က ငါးမွေးမြူသူ ၄၄ ဦးအတွက် ငါးခုံးမကြီး၊ ငါးမြစ်ချင်းများကို တစ်ဦးလျှင် အကောင်ရေ ၆၀၀ နှုန်းဖြင့် တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ယာပုံ) (၀၇၅)

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ဥရောပသမဂ္ဂနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး လူသားချင်းစာနာမှုအကူအညီနှင့် ဘေးအန္တရာယ်အပေါ် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ ကော်မရှင်နာ **Mrs. Kristalina Georgieva** နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဥရောပသမဂ္ဂ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး လူသားချင်းစာနာမှုအကူအညီနှင့် ဘေးအန္တရာယ်အပေါ် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ ကော်မရှင်နာနှင့်အဖွဲ့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၁

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ဥရောပသမဂ္ဂ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး လူသားချင်းစာနာမှုအကူအညီနှင့် ဘေးအန္တရာယ်အပေါ် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ ကော်မရှင်နာ Mrs. Kristalina Georgieva နှင့်အဖွဲ့သည် စက်တင်ဘာ ၉ ရက် နံနက် ၁၁ နာရီက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး မေခလာဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဆိုင်ကလုန်းဂီရိမုန်တိုင်းသင့်ပြည်သူများ၊ အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းဖြစ်သူများနှင့် ဆင်းရဲသောသက်ကြီးရွယ်အိုများအား ဥရောပသမဂ္ဂမှ အကူအညီပေးရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး၊ ကြိုတင်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၁

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံ ဆာဆာကာဝါငြိမ်းချမ်းရေးဖောင်ဒေးရှင်း၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ၏ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများသို့ အလုပ်သဘော လေ့လာရေးခရီးသွားရောက်ခဲ့ပြီးနောက် စက်တင်ဘာ ၁၀ ရက် ညနေပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူသည် စက်တင်ဘာ ၅ ရက် မွန်းလွဲပိုင်းက အိုဆာကာမြို့ရှိ Konosuke Matsushita Museum သို့လည်းကောင်း၊ ဂျပန်နိုင်ငံ ပစိဖိတ်ဒေသ လူ့စွမ်းအားအရင်းအမြစ်ဖလှယ်ရေး ဗဟိုဌာန (Pacific Resource Exchange Centre- PREX) သို့လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာပြီး PREX ၏ အကြီးတန်းဦးဆောင်ညွှန်ကြားရေးမှူး Mr. Kenji FUJITA ဦးဆောင်သည့် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ပစိဖိတ်ဒေသ လူ့စွမ်းအားအရင်းအမြစ်ဖလှယ်ရေးဗဟိုဌာနတို့အကြား နိုင်ငံ့ဝန်ထမ်းများ လေ့ကျင့်သင်ကြားရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားရေးအတွက် ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့သည်။

ဖွံ့ဖြိုးတိုးတက်မှု

စက်တင်ဘာ ၆ ရက် နံနက်ပိုင်းတွင် Kansai Economic Federaton; Managing Director Mr. Kaoru Yamakawa နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား စီးပွားရေးနှင့်စက်မှုနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ထို့နောက် ဂျပန်နိုင်ငံ ဒေသဆိုင်ရာ အုပ်ချုပ်ရေးယဉ်ကျေးမှုသိပ္ပံ (Japan Intercultural Academy of Municipalities-JIAM) သို့ သွားရောက်ကြပြီး သင်တန်းခန်းမများ၊ စာကြည့်တိုက်၊ သင်တန်းသားများအား လက်တွေ့လေ့ကျင့်သင်ကြားပေးနေမှုအခြေအနေနှင့် သင်တန်းသား အိပ်ဆောင်များကို ကြည့်ရှုလေ့လာခဲ့ကြသည်။

အမြင်ချင်းဖလှယ်

စက်တင်ဘာ ၇ ရက် မွန်းလွဲပိုင်းက ကိုဘေးမြို့အခြေစိုက် မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ်ရုံးသို့ သွားရောက်၍ ကောင်စစ်ဝန်ချုပ် Mr. Takashi NAGATE အား တွေ့ဆုံနှုတ်ဆက်ကာ မြန်မာ-ဂျပန် နှစ်နိုင်ငံဆက်ဆံမှုနှင့်ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

စက်တင်ဘာ ၈ ရက် ညနေပိုင်းတွင် ဂျပန်နိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးခင်မောင်တင် လိုက်ပါလျက် တိုကျိုမြို့ရှိ ဂျပန်နိုင်ငံ ဆာဆာကာဝါငြိမ်းချမ်းရေးဖောင်ဒေးရှင်းသို့ သွားရောက်ပြီး President Dr. Akinori Seki ဦးဆောင်သည့် တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းများ အရည်အသွေး တိုးတက်မြင့်မားစေရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်းတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး

စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက တိုကျိုမြို့ရှိ ASIAN Productivity Organization ၌လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဂျပန်နိုင်ငံ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အာဏာပိုင်အဖွဲ့ (National Personal Authority- NPA) ၌လည်းကောင်း တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဂျပန်နိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်စုဆောင်းခြင်း၊ သင်တန်းများဖွင့်လှစ်လေ့ကျင့်ပေးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် ဂျပန်နိုင်ငံ ဆာဆာကာဝါငြိမ်းချမ်းရေးဖောင်ဒေးရှင်း President Dr. Akinori Seki တို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

ဆောင်ရွက်နေမှု ရှင်းလင်းတင်ပြမှုအပေါ် တံတားကြီးကို မကြာမီဖွင့်လှစ်တော့မည်ဖြစ်၍ လက်စသတ်လုပ်ငန်းများအားလုံး ပြီးစီးအောင် ဆောင်ရွက်ရန်၊ တံတားလက်ရန်းများကို လက်ရာသေသေသပ်သပ်ဖြင့် စနစ်တကျဆောင်ရွက်ရန်နှင့်တံတားချဉ်းကပ်လမ်းကိုလည်း တံတားနှင့်အတူ တစ်ပြိုင်တည်း ပြီးစီးအောင် ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့သည်။

ဆောင်ရွက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တံတားပေါ်၌ သတ်မှတ်ထားသည့် ယာဉ်နှစ်လမ်းသွား အကျယ် ၂၄ ပေနှင့် လူသွားလမ်းတစ်ဖက် သုံးပေစီ ပေါင်းခြောက်ပေပြည့်မီအောင် ဆောင်ရွက်ထားရှိမှု၊ တံတားလက်ရန်းများ ဆောင်ရွက်နေမှုနှင့် တံတားချဉ်းကပ်လမ်းဆောင်ရွက်နေမှုတို့ကို တံတားတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၀ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဝေါမြို့နယ် အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး တာဝန်ခံအင်ဂျင်နီယာ၊ အင်ဂျင်နီယာမှူးကြီးနှင့် ဝန်ထမ်းများအား မိမိမြို့နယ်အတွင်းရှိ လမ်း/တံတားများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ မြို့နယ် အင်ဂျင်နီယာများက မိမိမြို့နယ်အတွင်းရှိ B.O.T လမ်းများကိုလည်း စစ်ဆေးကြပ်မတ်ရန်၊ ရရှိရန်ပုံငွေများကို စနစ်တကျ စိစစ်အသုံးပြုရန်၊ ဝန်ထမ်းများကိုလည်း ဖွဲ့စည်းပုံအတိုင်း စနစ်တကျခန့်ထား တာဝန်ပေးအပ်ရန်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင့်ကြံနေထိုင်ရန်တို့ကို မှာကြားခဲ့ပြီး မြို့နယ်ရုံးအဆောက်အအုံကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

စနစ်တကျပြင်ဆင်

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ ပင်မအလုပ်ရုံ(တောင်)ရွာမ အင်းစိန်သို့ ရောက်ရှိပြီး ရုံးအဆောက်အအုံများ တည်နေရာ၊ ဝန်ထမ်းအိမ်ရာများ၊ ဝန်ထမ်းအင်အားဖွဲ့စည်းပုံ၊ ရန်ပုံငွေရရှိမှုနှင့် စက်ယာဉ်ယန္တရားများ အကြီးစားပြင်ဆင်ထားရှိမှုတို့အပေါ် ရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများကို စနစ်တကျ ထိန်းသိမ်းထားရှိရန်၊ ဝန်ထမ်းအင်အားဖွဲ့စည်းပုံကို သတ်မှတ်ထားသည့်အတိုင်း တာဝန်ပေးခန့်ထားရန်၊ ရန်ပုံငွေသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျစိစစ်အသုံးပြုရန်၊ စီမံကိန်းကြီးများ၊ လုပ်ငန်းခွင်များတွင် အသုံးပြုနိုင်ရန် စက်ယန္တရားများအား စနစ်တကျပြင်ဆင်သွားရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်ခရီးသွားဂျာနယ် (၃)နှစ်ပြည့် နှစ်ပတ်လည်နှင့် ဒုတိယအကြိမ် ဝတ္ထုတိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီက စီစဉ်ထုတ်ဝေသည့် ရန်ကုန်ခရီးသွားဂျာနယ် (၃)နှစ်ပြည့် နှစ်ပတ်လည်နှင့် ဒုတိယအကြိမ် ဝတ္ထုတိုပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၀ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ နန်းသီတာဆိပ်ကမ်းရှိ ဘဲလေးစားတော်ဆက်၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွဋ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ရန်ကုန်ခရီးသွားဂျာနယ် ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအား မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)နှင့် အထူးဆုရရှိသူ ငါးဦးတို့အား ကော်မတီဥက္ကဋ္ဌ ဦးတင်ထွဋ်တို့က ဆုများကို ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့် (ဥပုသ်နေ့)

၁၂-၉-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
၇း၂၀ ၂။ နံနက်ခင်းသတင်း
၇း၄၀ ၃။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေး တင့်အောင်)
၇း၅၀ ၄။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မွန်ပြည်နယ် သထုံမြို့ လယ်ဝန်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသိရိန္ဒ၏ **ဂရုဓမ္မ အခါတော်နေ့** တရားတော်
၈း၁၅ ၅။ **Inslands of Dhama(3)**
၈း၄၅ ၆။ ဘဒ္ဒန္တသုမင်္ဂလ (အဂ္ဂမဟာပဏ္ဍိတ)ဒုတိယဥက္ကဋ္ဌဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မိုးကောင်းကျောင်းတိုက်၊ ဟင်္သာတမြို့ ဧရာဝတီတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း
၉း၀၀ ၇။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၁၅ ၁။ **AFF U-19 Championship 2011 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Myanmar Vs Brunei DS)**
၅း၁၅ ၂။ တေးဂီတအစီအစဉ်
၅း၂၅ ၃။ အမှတ်(၃)အခြေခံပညာ ဦးစီးဌာန တတိယအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု) အထက(၁)သန်လျင် (အမျိုးသားဝတ်ရွတ်အဖွဲ့)
၅း၄၅ ၄။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) ဝါသနာရှင်(ဒုတိယတန်း)အဆင့် (အမျိုးသား)
၆း၀၀ ၅။ ညနေခင်းသတင်း
၆း၁၅ ၆။ မိုးလေဝသအခြေအနေ
၆း၂၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀ ၈။ **တစ်ပါးသီလ (၂)** ဖိုးသောကြာ၊ မြင့်စိုးသား အောင်အောင်၊ စောနိုင် (ရှမ်းပြည်)၊ တင်တင်လှ၊ ဟန်လေး [ဒါရိုက်တာ-တင်မောင်အေး(တစ်ပါးသီလ)]
၈း၀၀ ၉။ ပြည်တွင်းသတင်း
၁၀။ နိုင်ငံတကာသတင်းများ
၁၁။ မိုးလေဝသအခြေအနေ
၁၂။ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ **ကွက်စိပ်** ဘာသာရပ်ဆိုင်ရာ အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြုဆွေးနွေးခန်း
၁၃။ ကမ္ဘာကျော်သရုပ်ဆောင်များ
၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပန်းသုံးပွင့်ရဲ့ဒိုင်ယာရီ** (အပိုင်း-၉)
၁၅။ အိန္ဒိယရုပ်ရှင် **မေတ္တာဆုံမှတ်** (အပိုင်း-၁)
၁၆။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်း တရားတော်
၁၇။ အစီအစဉ်ပြီး၏။

ငြိမ်းချမ်းရေးထိန်းသိမ်းမှု တာဝန်ထမ်းဆောင်ရန် အီရက်သို့ နီပေါတပ်ဖွဲ့ဝင်များ စေလွှတ်မည်

ခတ္တမန္ဒူ စက်တင်ဘာ ၁၁

နီပေါနိုင်ငံ၏ ပထမဆုံးသောငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းအဖြစ် စက်တင်ဘာ လကုန်ပိုင်းတွင် အီရက်နိုင်ငံ၌ နီပေါတပ်ဖွဲ့ဝင်များ ဖြန့်ကြက်မည်ဖြစ်ကြောင်း နီပေါမီဒီယာက စက်တင်ဘာ ၁၀ ရက်တွင် ဖော်ပြသည်။ အီရက်နိုင်ငံတွင် နီပေါတပ်ဖွဲ့ဝင်များ ဖြန့်ကြက်လုံခြုံရေးတာဝန်ယူရန် ကုလသမဂ္ဂက စောစောပိုင်းတွင် ကြိုးပမ်းခဲ့သည်ဟု ဆိုသည်။ နီပေါစစ်တပ်ကလည်း အဆိုပါ ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းအတွက် လက်ရွေးစင်တပ်ဖွဲ့များကို ဖြန့်ကြက်ရန် စီစဉ်ထားသည်။

ဒုတိယဗိုလ်မှူးကြီးအဆင့် ဦးဆောင်သည့် တပ်ဖွဲ့ဝင် ၇၂ ဦးအနက် ၃၃ ဦးကို အီရက်နိုင်ငံမှ အန္တရာယ်များသည့်ဇုန်သို့ ပေးပို့ရမည်ဖြစ်သည်။ **(ယာပုံ) (အင်တာနက်)**

တရုတ်နိုင်ငံရှိ ဂရိတ်ဝေါတံတိုင်းကြီးနှင့် အပြိုင်တံတိုင်းများ အချို့အစိတ်အပိုင်းများတွင် တည်ဆောက်ထားဟုဆို

ရှီယန်း စက်တင်ဘာ ၁၁

တရုတ်နိုင်ငံ တစ်နံတစ်လျားအုံ့မခန်းတည်ရှိနေသည့် ဂရိတ်ဝေါမဟာတံတိုင်းကြီး၏ အချို့အစိတ်အပိုင်းများတွင် အပြိုင်တံတိုင်းများရှိကြောင်း၊ အဆိုပါအစိတ်အပိုင်း နေရာများတွင် ကွန်ရက်သဖွယ် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်ကြောင်း တရုတ်ရှေးဟောင်းသုတေသနပညာရှင်တစ်ဦးက အခိုင်အမာ တင်ပြလာသည်။

ယခင်အယူအဆဟောင်းဖြစ်သည့် မဟာတံတိုင်းကြီးကို သူ့ချည်းထီးတည်း တည်ဆောက်ထားခြင်း မဟုတ်ကြောင်း ကိုင်လှုပ်ဖြိုလှဲလာသူက ရှားအန်ဇီပြည်နယ် အနောက်မြောက်ပိုင်းမှ ဆန်းစစ်တိုင်းတာရေးအဖွဲ့တစ်ဖွဲ့၏ ဥက္ကဋ္ဌ တုရန်ကျန်ပို ဆိုသူဖြစ်သည်။ တံတိုင်းကြီး၏ အချို့အပိုင်းများတွင် တံတိုင်းငယ် နှစ်ခုမှသုံးခုထိ အပြိုင်ရှိနေကြောင်းကို တံတိုင်းကြီး၏ အချို့အပိုင်းများအား မြေတိုင်းဆန်းစစ်ပြီးနောက် ရှားအန်ဇီအနောက်မြောက်ပိုင်းတက္ကသိုလ်မှ ပါမောက္ခတစ်ဦးလည်းဖြစ်သည့် တုရန်က ဖော်ထုတ်လိုက်ခြင်းဖြစ်သည်။

အပြိုင်ဆောက်လုပ်

ရှားအန်ဇီနယ်ရှိ မဟာတံတိုင်းကြီး၏ တစ်နေရာတွင် ပေါင်းကူးတံတိုင်းနှစ်ခုကို အပြိုင်ဆောက်လုပ်ထားသည်က အမှန်စင်စစ်ပင်ဖြစ်ပါကြောင်း၊ တံတိုင်းကြီး၏ ခံတပ်ပြအိုးများကို ပန္နက်တည် တည်ဆောက်ရန် စစ်သူကြီးများက စေခိုင်းခဲ့ကြခြင်းဖြစ်ကြောင်း၊ အခြားဒေသများရှိ တံတိုင်းကြီးအချို့အပိုင်းများ၌လည်း ယခုကဲ့သို့အပြိုင်တံတိုင်းများဆောက်ကာ ခံတပ်တည်ထားခြင်းများလည်းရှိကြောင်း ပါမောက္ခတုရန်က ပြောကြားသည်။ **(ဝဲပုံ)**

အမ်အင်န်အေဆင်ဟွာ

နိုင်ငံတကာသတင်းအတိုအထွာ ၁၁-၉-၂၀၁၁

တင်မောင်လွင်- စုစည်းသည်

နယူးဇီလန် အော့ကလန်ကျွန်းတွင် အင်အားပြင်း ငလျင်လှုပ်

နယူးဇီလန်နိုင်ငံ အော့ကလန်ကျွန်းတွင် စက်တင်ဘာ ၁၀ ရက် ဂရင်းနစ်စံတော်ချိန် ၁၉နာရီ၂၆မိနစ်က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၉အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်သွားကြောင်း အမေရိကန် ဘူမိဗေဒဌာနက စက်တင်ဘာ ၁၁ ရက်တွင် ပြောကြားသည်။ အဆိုပါမြေငလျင်သည် တောင်လတ္တီတွဒ် ၄၉ ဒသမ ၆၇၄၉ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၆၃ ဒသမ ၉၉၄၆ ဒီဂရီကြား၊ မြေအောက်အနက် ၁၀ ဒသမ ၅၀ ကီလိုမီတာ၌ ဗဟိုပြုလှုပ်ခတ်သွားခြင်းဖြစ်သည်။ (အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံတွင် သောင်းကျန်းသူ ၁၄ ဦးသေဆုံး

အာဖဂန်ရဲတပ်ဖွဲ့သည် အာဖဂန်နိုင်ငံ နေရာအနှံ့အပြား၌ ၂၄ နာရီကြာ စစ်ဆင်ရေးများပြုလုပ်ခဲ့ရာ သောင်းကျန်းသူ ၁၄ ဦးအား သုတ်သင်ရှင်းလင်းခဲ့ပြီး ၂၁ ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၀ရက်၌ ပြောကြားသည်။ အာဖဂန် အမျိုးသားရဲတပ်ဖွဲ့သည် အာဖဂန်အစိုးရထောက်ပံ့ရေးတပ်ဖွဲ့များ၊ မဟာမိတ်တပ်ဖွဲ့ ၁၀ဖွဲ့တို့နှင့် ပူးပေါင်းဆက်သွယ်ကာ ကဘူးလ်၊ နိုင်ဂါဟာ၊ ကွန်ဒတ်၊ ကန်ဒါဟာ၊ ဟယ်လ်မန်၊ ကူနာ၊ ဘန်ဂလန်နှင့် ခို့စ်ပြည်နယ်များနှင့် ပတ်ဝန်းကျင်ဒေသတို့၌ ၂၄ နာရီကြာ စစ်ဆင်ရေးများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

တရုတ်အနောက်တောင်ပိုင်း၌ နံရံပြိုကျမှုကြောင့် လေးဦးသေဆုံး

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွီကျိုပြည်နယ် ကိုင်ယန်စီရင်စုတွင် စက်တင်ဘာ ၉ ရက် ညနေက နံရံတစ်ခုပြိုကျပြီးနောက် လေးဦးသေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိကြောင်း သိရှိရသည်။ ဖြစ်ပွားမှုမှာ စက်တင်ဘာ ၉ ရက် ညနေ ၆ နာရီတွင် မြေတူးစက်ယာဉ်တစ်စီး လမ်းဘေးရပ်နားစဉ် မူလတန်းကျောင်းတစ်ကျောင်း၏ နံရံနှင့် တိုက်မိခဲ့ခြင်းဖြစ်သည်။ အဆိုပါ နံရံပြိုကျမှုကြောင့် ဂုဏ်ပြုညစာစားပွဲ ပြုလုပ်နေသော အိမ်တစ်အိမ်အတွင်းမှ လူလေးဦးမှာသေဆုံးခဲ့ပြီး ကိုးဦးမှာ ဒဏ်ရာပြင်းထန်၍ ဆေးရုံတင်ထားရကြောင်း သိရသည်။ (အင်တာနက်)

တန်ဇန်းနီးယားတွင် ကူးတို့ယာဉ်နစ်မြုပ်၊ လူ ၁၀၀ ကျော် သေဆုံး

အရှေ့အာဖရိကဒေသရှိ ကျွန်းတစ်ကျွန်းဖြစ်သော ဇမ်ဇီဘာကျွန်းမှ ပန်ဘားကျွန်းသို့ စက်တင်ဘာ ၁၀ ရက်က ကူးတို့သင်္ဘောတစ်စင်း ရွက်လွှင့်ခုတ်မောင်းသွားစဉ် ရေစီးကြမ်းတမ်းမှုကြောင့် နစ်မြုပ်သွားခဲ့ရာ လူ ၁၀၀ကျော် ရေနစ်သေဆုံးကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။ အဆိုပါ ကူးတို့ယာဉ်ပေါ်တွင် ခရီးသည် ၅၀၀ ကျော် တင်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း ဆက်လက်ဖော်ပြသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် -ရေးသားသည်

ဖူကူရှီးမား နျူကလီးယားစက်ရုံမှ ရေဒီယိုသတ္တိကြွမှု ပင်လယ်ရေအတွင်း သုံးဆခန့် မြင့်တက်နေ

တိုကျို စက်တင်ဘာ ၁၁

ဂျပန်နိုင်ငံတွင် ငလျင်နှင့် ဆူနာမီဘေးဒဏ်ကြုံတွေ့ခဲ့ရသဖြင့် နျူကလီးယား ယိုစိမ့်မှုများ ဖြစ်ပေါ်ခဲ့သော ဖူကူရှီးမား နျူကလီးယားစက်ရုံမှ ထွက်ရှိခဲ့သည့် ရေဒီယိုသတ္တိကြွမှုများသည် ပင်လယ်ရေအတွင်းစီးဝင်ခဲ့ရာ ပင်လယ်ရေများကို စမ်းသပ်စစ်ဆေးခဲ့ပြီးနောက် ပင်လယ်ရေတွင် ရေဒီယိုသတ္တိကြွမှု သုံးဆခန့် မြင့်တက်နေကြောင်း တွေ့ရှိရသည်ဟု ဂျပန်သုတေသနအဖွဲ့က ဂျပန်နျူကလီးယားစွမ်းအင် အေဂျင်စီသို့ စက်တင်ဘာ ၁၁ ရက်၌ ပေးပို့သော အစီရင်ခံစာ၌ ဖော်ပြလိုက်သည်။

စီစဉ်ထား

ရေဒီယိုသတ္တိကြွမှုများနှင့် နျူကလီးယား ရောင်ခြည်များသည် လေထုအတွင်း ရောက်ရှိခဲ့ပြီးနောက် ပင်လယ်ရေအတွင်းသို့လည်း ကျဆင်းခဲ့ကြောင်း၊ ပင်လယ်ရေများကို စစ်ဆေးခဲ့ရာမှ တွေ့ခဲ့သည်ဟု ဂျပန်နျူကလီးယား စွမ်းအင်အဖွဲ့က ပြုလုပ်မည့် ညီလာခံ၌ သုတေသနအဖွဲ့က ၎င်းတို့ တွေ့ရှိချက်ကို ပြောကြားမည်ဖြစ်သည်။ ၎င်းညီလာခံကို ကီတာကျူးရှူးမြို့၌ စက်တင်ဘာ ၁၉ ရက်တွင် စတင်ကျင်းပရန် စီစဉ်ထားသည်။

ကောက်ချက်ချ

ဖူကူရှီးမား နျူကလီးယားစက်ရုံမှ ရေဒီယိုသတ္တိကြွပစ္စည်းများသည် ပြီးခဲ့သည့် ဧပြီ ၁ ရက်မှ ၆ ရက်အတွင်း ပင်လယ်အတွင်းသို့ စီးဝင်ခဲ့ကြောင်း တိုကျိုအီလက်ထရွန်နစ် ပါဝါကော်ပိုရေးရှင်းက ယခင်ကတည်းက ပင်လယ်ရေများကို စမ်းသပ်စစ်ဆေးခဲ့ရာမှ ကောက်ချက်ချခဲ့သည်။

ပြောကြား

သို့သော် မတ် ၂၁ ရက်မှ ဧပြီ ၃၀ ကာလအတွင်း ဖူကူရှီးမား နျူကလီးယားစက်ရုံအနီးဝန်းကျင်ရှိ ပင်လယ်ရေများကို ဂျပန်သုတေသနပညာရှင် တာကူယာကိုဘာယာရှိ ဦးဆောင်သော သုတေသနအဖွဲ့က စစ်ဆေးခဲ့ရာ ရေဒီယိုသတ္တိကြွမှုများ ပင်လယ်ရေအတွင်း စီးဝင်နေဆဲ ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(အင်တာနက်)**

အီရန်၌ လေကြောင်းစစ်ရေးပြပွဲကျင်းပစဉ် တိုက်လေယာဉ်တစ်စင်း ပျက်ကျ

တီဟီရန် စက်တင်ဘာ ၁၁

အီရန်နိုင်ငံ တာဘရစ်ဇ်မြို့ အနောက်မြောက်ပိုင်းဝေဟင်တွင် စက်တင်ဘာ ၁၀ ရက်က ပြုလုပ်သော အီရန်လေတပ်လေကြောင်းစစ်ရေးလေ့ကျင့်မှုတွင် ဂျက်တိုက်လေယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း အီရန်နိုင်ငံ ထားစ် သတင်းဌာနက စက်တင်ဘာ ၁၁ ရက်၌ သတင်းထုတ်ပြန်သည်။

ခုန်ချ

ပျက်ကျခဲ့သော တိုက်လေယာဉ်မှ လေယာဉ်မှူးမှာ လေထီးဖြင့် ခုန်ချခဲ့သဖြင့် ဘေးကင်းခဲ့ကြောင်း၊ စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ပြုလုပ်မည့် လေကြောင်းစစ်ရေးလေ့ကျင့်မှုတွင် နည်းဗျူဟာပိုင်း၊ နည်းစနစ်ပိုင်းနှင့်မြေပြင်ရှိ ပစ်မှတ်များကို ပစ်ခတ်လေ့ကျင့်ခြင်း စသည်တို့ကို ပြုလုပ်ကြသည်။

ပစ်ခတ်တိုက်ခိုက်

အဆိုပါလေကြောင်း စစ်ရေးလေ့ကျင့်မှုတွင် အက်ဖ်-၄၊ အက်ဖ်-၅ ဂျက်တိုက်လေယာဉ်များ ပါဝင်ဆင်နွှဲလျက်ရှိရာ ဝေဟင်ပစ်ခတ်တိုက်ခိုက်မှုနှင့် ဝေဟင်မှမြေပြင်သို့ ပစ်ခတ်တိုက်ခိုက်မှုများလည်း ပါဝင်သည်။ **(ယာပုံ)**

ယခုပျက်ကျခဲ့သည့် တိုက်လေယာဉ်မှာ မတော်တဆဖြစ်ရပ်ကြောင့်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

လလေ့လာရေး ဂြိုဟ်တုနှစ်လုံး နာဆာလွှတ်တင်

လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၁၁

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗယ် လေတပ်အခြေစိုက်စခန်းမှနေ၍ လူလိုက်ပါခြင်းမရှိသော ဒုံးပျံယာဉ်တစ်စင်းကို စက်တင်ဘာ ၁၀ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၀၈ မိနစ်က လသို့ လွှတ်တင်လိုက်ကြောင်း နာဆာအဖွဲ့က စက်တင်ဘာ ၁၁ ရက်၌ သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

မျှော်မှန်းထား

အရှည် ၁၂၄ ပေရှိသော ၎င်းဒုံးပျံသည် လမျက်နှာပြင်ကို စူးစမ်းလေ့လာမည့် စက်ရုပ် လက်တံနှစ်ခုကို သယ်ဆောင်သွားကာ လွှတ်တင်ပြီး ၂ နာရီအကြာတွင် သယ်ဆောင်သွားသော ဒုံးပျံမှနေ၍ ဂြိုဟ်တုနှစ်လုံးမှာ လွတ်လပ်စွာ ဆက်လက်ပျံသန်းသွားခဲ့သည်။ စက်ရုပ်လက်တံများကို သယ်ဆောင်သွားသော ဂြိုဟ်တုနှစ်လုံးသည် လာမည့်ဒီဇင်ဘာ ၃၁ ရက် သို့မဟုတ် ဇန်နဝါရီ ၁ ရက်တို့တွင် လ အနီးသို့ ရောက်ရှိမည်ဟု မျှော်မှန်းထားသည်။ ၎င်းစက်ရုပ်လက်တံများသည် လမျက်နှာပြင်ရှိ မြေဆီလွှာ၊ မျက်နှာပြင်၌ တွေ့ရှိရမည့် အရည်များ၊ ရာသီဥတုနှင့် လမျက်နှာပြင်၏ စုဖွဲ့မှု အနေအထားများကို လေ့လာသွားမည်ဖြစ်သည်။ **(အင်တာနက်)**

မဟာပုဒ္ဓဝင်ဖွားတော်မူခန်း ဇာတ်တော်ကြီး

ကိုဇော်ဌေး(ယဉ်ကျေးမှု)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၌ ဇာတ်သဘင်ပြိုင်ပွဲကို ပဥ္စမအကြိမ် (၁၉၉၇) မှ စတင်ယှဉ်ပြိုင်စေခဲ့ပြီး ပထမဦးဆုံး ယှဉ်ပြိုင်ကြသော ဇာတ်တော်မှာ ဆယ်ဘွဲ့ဇာတ်တော်လာ သုဝဏ္ဏသာမဖြစ်လေသည်။ ထို့နောက်မှ ရာမဇာတ် (၁၉၉၈၊ ၁၉၉၉၊ ၂၀၀၂၊ ၂၀၀၄)၊ မဟော်သဓာ (၂၀၀၀)၊ ဇနက(၂၀၀၁)၊ ဆဒ္ဒန်ဆင်မင်းဇာတ် (၂၀၀၃)၊ ဝိဓူရ (၂၀၀၅)၊ ဝေဿန္တရာဇာတ်(၂၀၀၆)၊ သုဝဏ္ဏသာမ(၂၀၀၇)၊ ဘူရိဒတ်(၂၀၀၈)၊ ဥဂ္ဂသေန(၂၀၀၉) တို့ကို ယှဉ်ပြိုင်စေခဲ့ကြလေသည်။ ယခုနှစ် (၁၈)ကြိမ်မြောက်ပြိုင်ပွဲ၌ ယှဉ်ပြိုင်ကြမည့်ဇာတ်တော်မှာ "မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း"ပင် ဖြစ်လေသည်။

ဗုဒ္ဓဝင်ကို မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်ပြီးနောက် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ လျှောက်ထားပင့်ဖိတ်မှုအရ ကပိလဝတ်ပြည်သို့ ရောက်ရှိစဉ် စတင်ဟောကြားခြင်းဖြစ်လေသည်။ သာကီဝင်မင်းတို့၏ မာန်မာနကို ချိုးဖျက်လို၍ တန်ခိုးပြာဋိဟာပြကာ ရိုသေဝပ်တွားမှုကို ရယူခဲ့သည်။ ထိုသို့မြတ်စွာဘုရား ရတနာစင်္ကြံတော်၌ ယမိုက်ပြာဋိဟာပြတော်မူစဉ် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေသော အရှင်သာရိပုတ္တရာက အဘိညာဉ်ဖြင့် ကြည်ညိုဖူးမြော်လျက် "ဘုရားရှင်ထံတော်မြတ်သို့ ယခုပင် ငါဆည်းကပ်၍ အရပ်ရပ်အစုံအလင် အလောင်းတော်တို့၏ လုပ်ငန်းစဉ် ဗုဒ္ဓဝင်ဒေသနာတရား ဟောကြားတော်မူရန် ငါတောင်းပန်လျှောက်ထားတော့မည်" ဟု ကြံစည်ပြီးလျှင် သီတင်းသုံးဖော် တပည့်ရဟန်းငါးရာတို့နှင့်အတူ မြတ်စွာဘုရားထံမှောက် ကပ်ရောက်၍ လက်စုံမိုးကာ

"ကီဒိသော တေ မဟာဝီရ၊ အဘိနီဟာရော နရုတ္တမ"

----အစရှိသော သုံးဂါထာတို့ဖြင့် မြတ်စွာဘုရားအား ဗုဒ္ဓဝင်ဟောကြားရန် လျှောက်ထားတောင်းပန်လေသည်။

ထိုကဲ့သို့ အရှင်သာရိပုတ္တရာမထေရ်မြတ်က တောင်းပန်လျှောက်ထား၍ မြတ်စွာဘုရားသည် သတ္တဝါတို့၏ ရင်ကို အေးငြိမ်းစေလို၍

"ပီတိပါမောဇ္ဇဇနနံ၊ သောကသလ္လဝိနောဒနံ"

----အစရှိသော နှစ်ဂါထာဖြင့် တရားနာ လူ၊ နတ်၊ ဗြဟ္မာပရိသတ်တို့အား ဗုဒ္ဓဝင်ဒေသနာတော်ကို ရိုသေစွာနာယူကြကုန်လော့ဟူ၍ တိုက်တွန်း၍။

"ကပ္ပေစ သတသဟဿေ၊ စတုရောစ အသင်္ခိယေ"

----အစရှိသော ဂါထာပေါင်း ၉၅၁ (ကိုးရာငါးဆယ့်တစ်) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော၊ မာန်မူခြင်း အမျိုးမျိုးကိုလည်း ပယ်ချိုးတတ်သော၊ စိတ်ပူပန်ခြင်း သောကအမျိုးမျိုးကိုလည်း ပယ်ဖျောက်တတ်သော၊ သံသရာဝဋ်မှလည်း ကျွတ်လွတ်စေတတ်သော၊ ဒုက္ခမျိုးစုံအဖုံဖုံမှလည်း အလုံးစုံကင်းလွတ်ခြင်းကို ပြုတတ်သော ဘုရားဖြစ်ကြောင်း၊ လမ်းကောင်းကျင့်ရာ၊ ဗုဒ္ဓဝင်ဒေသနာကို ဟောတော်မူလေသည်။

ထို့နောက် "ပေါက္ခရဝဿ" မိုးကြီးရွာစေကာ "ဝေဿန္တရာ" ဇာတ်ကိုပြန်ပြောင်းဟောလေသည်။ နောက်နေ့ နံနက်တွင် ဘုရားရှင်သည် ကပိလဝတ်မြို့တော်အတွင်း ဆွမ်းခံဝင်လေသည်။ သာကီဝင်တို့က အမျိုးဇာတ်ကို ဖျက်ဆီးသည်ဟုဆိုကာ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးကို လျှောက်တင်ကြသည်။ ခမည်းတော်ကြီးက ဘုရားရှင်ကို "သာကီဝင်"တို့၏ အမျိုးဇာတ်ကို မဖျက်ဆီးရန် ပန်ကြားလျှောက်ထားလေသည်။ ဘုရားရှင်က-

"ခမည်းတော်မင်းကြီး၊ ဤဆွမ်းခံသောအရာသည် ငါတို့အနွယ်အဆက်မှ လာသဖြင့် သင့်တင့်လျောက်ပတ် ချီးမွမ်းအပ်သောအကျင့်ပေတည်း"ဟု မိန့်တော်မူလေသည်။ ခမည်းတော်မင်းကြီးက ပြန်၍ လျှောက်ထားသည်မှာ-

"အရှင်ဘုရား-မဟာသမ္မတမင်းမှစ၍ ဘုရားဘိုးတော် သီဟဟနုမင်းတိုင် သုံးသိန်းသုံးသောင်းလေးထောင်ငါးရာခြောက်ကျိပ်ကိုးယောက်သောအနွယ်သည် အကျွန်ုပ်တို့၏ အနွယ်မဟုတ်လော၊ ထိုမင်းအနွယ်အပေါင်းတို့တွင် တစ်ယောက်ကောင်းမျှ ဆွမ်းတောင်းစားသည်ကို အကျွန်ုပ်တို့မကြားဖူးပါ" ဟု လျှောက်လေသည်။ ဘုရားရှင်က-

"ခမည်းတော်မင်းကြီး၊ ဤမဟာသမ္မတမင်းမှလာသော ရာဇပဝေဏီသည်ကား မင်းတရားတို့၏ အနွယ်သာတည်း၊ ဒကာတော်သား---ငါဘုရားမှ ရှေးများလွန်လေ အသင်္ချေများစွာ ကမ္ဘာကာလ ဂဏ်ဝါဠူ သဲစုထပ်မျှ ပွင့်ကြကုန်သော သမ္မာသမ္ဗုဒ္ဓရာဇာဓိရာဇာမြတ်စွာတို့၏ မဟာဝံသဖြစ်ပေသည်၊ ထိုဘုရားတို့လည်း ဖိတ်ကြားအပ်သော ဒါယကာ မရှိမူ ဆွမ်းခံ၍သာ စားမြဲဓမ္မတာဖြစ်ပေတည်း" ဟု မိန့်တော်မူပြီးလျှင်

"ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ၊ ဓမ္မစာရီ သုခံသေတိ၊ အသ္မိံ လောကေ ပရမှိစ" ဟူသောဂါထာကို ဟောတော်မူလေသည်၊ ထိုဂါထာ၏ အဆုံး၌ သုဒ္ဓေါဒနမင်းကြီးလည်း သောတာပန်တည်လေသည်။

ထို့ကြောင့် "ဗုဒ္ဓဝင်" ဟူသည် ဗုဒ္ဓအနွယ်တို့၏အကြောင်းကို ဟောတော်မူသော တရားများဖြစ်လေသည်။

ကပိလဝတ်ပြည့်ရှင်ဘုရင် သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားခေါင်ကြီးဖြစ်သူ မယ်တော်မာယာသည် ကြီးစွာသော အိပ်မက်ကိုမြင်မက်သည်။ အိပ်မက်ကား "စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့သည် မိဖုရားကို အိပ်ရာသလွန်နှင့် တကွချီ၍ ဟိမဝန္တာသို့ ဆောင်ပြီးလျှင် ယူဇနာခြောက်ဆယ်ရှိသော ဆေးဒန်းမြင်းသီလာ ကျောက်ဖျာ၏အပြင် အင်ကြင်းပင်ကြီး၏အောက်၌ ချထား၏။ ထိုအခါ နတ်မိဖုရားလေးဦးတို့သည် လာကုန်၍ သီတာနဝတတ်ရေတို့ကို ချိုးစေပြီးလျှင် နတ်တို့၏ ပန်းနံ့သာတန်ဆာကို ဆင်ယင်လျက် ငွေတောင်ထွတ်ထက်ရှိသော ရွှေဗိမာန်သို့ ဆောင်၍ အိပ်စေပြန်၏။ ထိုအခါ ငွေသာခွာတောင်သို့သော ဆင်ပြောင်ရတနာသည် မြောက်အရပ်မှလာ၍ မာယာမိဖုရား၏ လက်ယာနံပါးကို လှစ်၍ဝင်သည်" ဟု မြင်မက်တော်မူ၏။

ထိုသို့ မိဖုရားခေါင်ကြီး၌ သန္ဓေယူသောအခါမှစ၍ စကြဝဠာမှ စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့သည် သန်လျက်လက်ဆွဲကုန်လျက် ရွှေနန်းကျက်သရေတိုက်၌ စောင့်လာကုန်သည်၊ ထက်ဝန်းကျင်သော စကြဝဠာ တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည် ကောင်းစွာစောင့်ရှောက်လာကုန်သည်။ ယင်းသို့ သန္ဓေတည်နေသည်မှစ၍ မယ်တော်မိဖုရားသည် ယောကျ်ားတို့၌ ညွတ်ငိုက်တပ်ငြိသော ရာဂရမ္မက်ဖြင့် နှောင့်ယှက်ခြင်းမရှိ၊ အမြိုက်အတိဖြင့် ဝလျက် နှစ်သက်အပ်သော မင်းစည်းစိမ်ကို ခံ၍ ခြွေရံသင်းပင်းနှင့်သာလျှင် သန့်ရှင်းစွာ စံတော်မူ၏။

အလောင်းတော်မင်းသားသည် ကြည်စွာသော ပတ္တမြားရတနာ၌သီသော သန္တာနီကြိုးကဲ့သို့ လည်းကောင်း၊ ဖန်တကောင်းအတွင်း၌ သွင်းထားသော ပုလဲရုပ်ကဲ့သို့ လည်းကောင်း၊ တရားဟောပလ္လင်ထက် ထိုင်နေသော တရားဟောပုဂ္ဂိုလ်ကဲ့သို့ လည်းကောင်း မယ်တော်ဝမ်းဝယ် ထက်ဝယ်ဖွဲ့ခွေ ရှေးရှုနေတော်မူသည်ကို မယ်တော်နှင့်တကွ လူအပေါင်းတို့ ထင်မြင်ကုန်သတည်း။

ယင်းသို့ သန္ဓေတည်နေတော်မူ၍ ဆယ်လစေ့သော် ဆွေတော်မျိုးတော်၊ မယ်တော်ခမည်းတော်တို့၏ နေရာဖြစ်သော ဒေဝဒဟပြည်သို့ သွားလိုသော ဆန္ဒဖြစ်၍ သုဒ္ဓေါဒနမင်းကြီးအား လျှောက်ကြားလေရာ ဒေဝဒဟပြည်နှင့် ကပိလဝတ်ပြည်အကြား ငါးယူဇနာရှိသော အရပ်ကို ခတ်အပ်သော တလင်းအသွင်သန့်စင်စွာ ညီညွတ်၍ ကြာသွတ်အိုး၊ ရေချမ်း၊ ကွန်းထောက်၊ မဏ္ဍပ်၊ ဇရပ်၊ ကနား၊ ကုက္ကားတံခွန် စသည်တို့ဖြင့် ခင်းကျင်းပြုပြင်တန်ဆာဆင်၍ စစ်အင်္ဂါလေးပါးဝန်းရံစေလျက် ရွှေထမ်းစင်စီးပြီးလျှင် ထွက်စေတော်မူ၏။

ယင်းသို့ ထွက်ကြွ၍ ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်၏ အကြား၌ နှစ်ပါးသော ပြည်သူတို့ ဆွတ်ယူသုံးဆောင်ရာ သာယာနုပျို ကြည်ညိုဖွယ်ရှိလှသော လုမ္ဗိနီအင်ကြင်းတောသို့ရောက်ပြီး ပင်လုံးကျွတ်ပွင့်လျက် သားငှက် ပိတုန်းအပေါင်းတို့ဖြင့် တင့်တယ်သော အင်ကြင်းပင်စည်ကို မြင်တော်မူလျှင် ပျော်ရွှင်ဝင်နားကစားမြူးထူးလိုသော နှလုံးတော်ရှိလှ၍ ရွှေထမ်းစင်ထက်မှ သက်ဆင်းပြီးသော် အင်ကြင်းပင်အောက်သို့ ဝင်ကြွတော်မူ၏။

ယင်းသို့ ဝင်ကြွတော်မူပြီးလျှင် မင်္ဂလာရှိသော အင်ကြင်းပင်ကြီး၏ အခက်သည် ညွတ်လျက်ခံလှာ၏။ ထိုသို့ ခံလှာသော မင်္ဂလာအင်ကြင်းခက်ကို ရပ်လျက်လှမ်းတော်မူလျှင် စကြဝဠာတစ်သောင်းသည် ကောင်းချီးပေးသကဲ့သို့ အေးအေးကြည်ကြည်ကျူးမြည်ရိုက်ဟည်းလျက် မြေကြီးတုန်လှုပ်ခြင်း၊ ဥက္ကာပျံညီး မီးရှူးရောင်ဝေ လနေကြယ်စုံ ထွက်၍ တစ်ပြိုင်နက် ထွန်းလင်းခြင်းအစရှိသော သုံးဆယ့်နှစ်သွယ်သော အံ့ဖွယ်သူရဲလွန်ကဲသော တိတ်နိမိတ်တို့ကို ထင်ရှားစွာပြလျက် ကမ္ဗဇလေလှုပ်လတ်သော အထိန်းအယ မောင်းမကိုယ်လုပ်တို့အား အကြောင်းကိုကြား၍ ထိုအင်ကြင်းပင်၏ အပါးတွင် တင်းတိမ်အရံဖြင့် ကာရံခယလျက် မစပြုပြင်ကုန်စဉ် သန့်ရှင်းလွန်ကဲသော ပုလဲမည့်ရတနာသည် အာကာတိမ်ညွန့်မှ မြူးကွန့်ထွက်ဆင်းသကဲ့သို့ သန့်ရှင်းစင်ကြယ်စွာ လက္ခဏာကြီးငယ်တို့နှင့် ပြည့်စုံသော အလောင်းတော်မင်းသားကို မဟာသက္ကရာဇ် (၆၈)ခု ဥတုဂိမှာန ကဆုန်လပြည့် သောကြာနေ့ နံနက်တစ်ချက်တီးအချိန်သိဟ်လင်္ဂပြိဳဟ်စာစန်းဝိသာခါနက္ခတ်နှင့် ယှဉ်လျက်ဖွားမြင်တော်မူ၏။ ယင်းသို့ ဖွားမြင်တော်မူလျှင် ကောင်းကင်ပြင်မှ ရေယာဉ်နှစ်သွယ်တို့သည် မယ်တော်၌ လည်းကောင်း၊ အလောင်းမင်းသား၌ လည်းကောင်း ချမ်းမြကြည်သာ ဝေဒနာမရှိစေခြင်းငှာ သက်ဆင်းသွန်းဖျန်းလာကုန်၏။ အလောင်းမင်းသားသည်လည်း တစ်ပါးသောသူတို့ကဲ့သို့ လိမ်းကျံရစ်ထွေးညစ်ကြေးသမ်းမှိုခြင်းမရှိ ပကတိသွန်းသစ်သော ဇမ္ဗူရာဇ်ရွှေစင်ကဲ့သို့ စင်ကြယ်စွာ ဖွားမြင်တော်မူလာ၏။

အလောင်းမင်းမြတ်သည်လည်း အရှေ့အရပ်မှ မြောက်သို့ လှည့်တော်မူလျက် ခုနစ်ဖဝါးသွား၍ မတ်မတ်ရပ် တန့်ပြီးသော်-

(၁) အဂ္ဂေါဟ မသ္မိ လောကဿ

(၂) ဇေဋ္ဌောဟ မသ္မိ လောကဿ

(၃) သေဋ္ဌောဟ မသ္မိ လောကဿ. . . . ဟူ၍ သုံးခွန်းသောစကားဖြင့် ကြုံးဝါးတော်မူ၏။

ထိုသို့သွားစဉ် မြင်ကုန်သော လူနတ်အပေါင်းတို့ကား အလောင်းတော်မင်းသားသည် ဖွားတိုင်းသောကိုယ်ဖြင့် သွားသည်ကို ဝတ်စားဆင်ယင်လျက်သွားသကဲ့သို့ ငယ်သော အရွယ်ဖြင့် သွားသည်ကို တစ်ဆယ့်ခြောက်နှစ်အရွယ်ဖြင့် သွားသကဲ့သို့ ထင်ကြကုန်၏။

မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း၏ ဇာတ်လမ်းအကျဉ်းသည် ဤမျှသာဖြစ်လေသည်။

ဇာတ်သဘင်ပြိုင်ပွဲ၌ "မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း" ဇာတ်တော်ကြီးကို ကပြရာ၌ ရည်ရွယ်ချက်များအဖြစ်-

(၁) မြတ်စွာဘုရားရှင်၏ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့ကို ကြည်ညိုသဒ္ဓါပွားများကြစေရန်။

(၂) လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကျေးဇူးအထူးထူးကို သိမြင်ပွားများကြစေရန်။

(၃) အလောင်းတော်၏ သာသနာတော် ရင့်သန်မှုကို ကြည်ညိုသဒ္ဓါပွားများကြစေရန်ဟူ၍ တွေ့ရမည်ဖြစ်လေသည်။

အနှစ်သာရအားဖြင့် မြတ်စွာဘုရား၏ သာသနာတော်ကို ကြည်ညိုသဒ္ဓါပွားများကြစေရန် ပုံဖော်ရမည်ဖြစ်သည်။ မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း ဇာတ်တော်ကြီးကို ကပြကြရာ၌ ပါဝင်အပ်သည့် အခန်းစဉ်များအဖြစ်-

(၁) စကြဝဠာပေါင်း တိုက်တစ်သောင်းတို့၌ အသီးသီးနေကြကုန်သော နတ်အပေါင်းတို့က အလောင်းတော် သေတကေတုနတ်သားအား ဘုရားဖြစ်ရန် အချိန်တန်၍ နတ်သက်ခြွေပါရန် လျှောက်ထားခန်း၊ အလောင်းတော်နတ်သား ကြည့်ခြင်းကြီး ငါးပါးဖြင့် ကြည့်တော်မူခန်း။

(၂) နှစ်ပါးသွားခန်း(သုဒ္ဓေါဒန၊ မဟာမာယာဒေဝီ၊ မဟာပဇာပတိတို့ နှစ်ပါးသွားခန်း။)

(၃) အလောင်းတော် သေတကေတုနတ်သားသည် နတ်သား၊ နတ်သမီးတို့ခြံရံလျက် နန္ဒဝန်ဥယျာဉ်တော်အတွင်း လှည့်လည်ခန်း။ အလောင်းတော် သေတကေတုနတ်သား၏ ဆုတေ(နတ်သက်ခြွေရန်) အချိန်ကာလစေ့ရောက်ခန်း။

(၄) သီရိမဟာ မာယာဒေဝီမိဖုရားခေါင်ကြီး အိပ်မက်တော်မြင်မက်ခန်း။

(၅) ကပိလဝတ်ပြည် သုဒ္ဓေါဒနမင်းကြီး၏ ညီလာခံခန်း။ (အတွင်းဝန်က မိဖုရားခေါင်ကြီး၌ ပတ္တမြားနှုတ်ငုံဆောင်နေတော်မူကြောင်း လျှောက်ကြားရမည်။)

(၆) မယ်တော်မာယာ၏ အတွင်းဆောင်၌ စံပယ်ခန်း၊ သုဒ္ဓေါဒနမင်းကြီး အဆောင်တော်သို့ ကြွချီလာခန်း။ မောင်ငယ်တော် သုပ္ပဗုဒ္ဓမင်းရှိရာ ဒေဝဒဟသို့ သတင်းကောင်းစကားပါးရန် ဗကအမတ်ကြီးကို ဒေဝဒဟသို့ စေလွှတ်ခန်း။

(၇) ဒေဝဒဟသို့သွားမည့် ဗကအမတ်ကြီးကို လက်စွဲတော်သို့ နှုတ်ဆက်မှာကြားခန်း။

(၈) ဒေဝဒဟနန်းညီလာခံခန်း။ (သုပ္ပဗုဒ္ဓမင်းက ဗကအမတ်ကြီး၏ သတင်းကောင်းစကားလျှောက်ကြားမှုကို ပြက်ရယ်ပြုခန်း။)

(၉) သုဒ္ဓေါဒနမင်းနှင့် မယ်တော်မာယာ ဥယျာဉ်တော်၌ စံနေခန်း။ ဗကအမတ်ကြီး ပြန်ရောက်လာပြီး ပြက်ရယ်ပြုခံရကြောင်း မင်း၊ မိဖုရားနှစ်ပါးအား လျှောက်ကြားခန်း။ မယ်တော်မာယာက ဒေဝဒဟသို့သွားခွင့်ပြုရန် လျှောက်ကြားခန်း။ သုဒ္ဓေါဒနမင်းက မတတ်သာ၍ လိုက်လျောခန်း။

(၁၀) လုမ္ဗိနီအင်ကြင်းတောသို့ မယ်တော်မာယာ ရောက်ရှိခန်း။

(၁၁) အလောင်းတော်ကို ဖွားမြင်ခန်း။ နတ်၊ လူအပေါင်းတို့က နံ့သာပန်းမန်တို့ဖြင့် ပူဇော်ခန်း။ အလောင်းတော်မြောက်အရပ်သို့ ခုနစ်ဖဝါးလှမ်း၍ ဥဒါန်းကျူးရင့်ခန်း။

(၁၂) ဒေဝဒဟပြည်မှ ဆွေတော်မျိုးတော်တို့လည်း သတင်းကောင်းစကားကို ကြားရ၍ အင်ကြင်းတောသို့ ရောက်ရှိလာခန်း။

(၁၃) ကပိလဝတ်၊ ဒေဝဒဟနှစ်ပြည်ထောင်သော လူအများတို့ မိဖုရားကြီး မဟာမာယာဒေဝီနှင့်တကွ ဘုရားအလောင်းသားတော်မြတ်ကို ယူဆောင်၍ ကပိလဝတ်ပြည်သို့ ပြန်ခန်း။

ပါဝင်အပ်သည့် အခန်းစဉ်များကို လေ့လာကြည့်ခြင်းဖြင့် "မဟာဗုဒ္ဓဝင်ကို ပြဋ္ဌာန်းထားခြင်းဖြစ်သဖြင့် ဗုဒ္ဓဝင်လာဇာတ်ကြောင်းကိုသာမှီ၍ ကပြကြရန် ဖြစ်လေသည်။ ဇာတ်ညွှန်းရေးသူနှင့် ဇာတ်စီးဆရာတို့သည် မိမိတို့ပညာဖြင့် သင့်ရာအခန်းစဉ်များ၊ ပြကွက်များကို စီစဉ်တင်ဆက်နိုင်မည်"ဟု ယုံကြည်မိပါသည်။

ဇာတ်၏ဖြစ်စဉ်အရ ဘုရားကန်တော့ခြင်း၊ နတ်ကတော်အပျိုတော်အက ကခြင်း၊ ဇာတ်ပျိုးခြင်း၊ ဇာတ်နိုးခြင်းတို့သည် ပါဝင်ရမြဲဖြစ်သဖြင့် "ကပိလဝတ်ပြည်ဘုရင်သုဒ္ဓေါဒနမင်းကြီး"၏ ညီလာခံခန်း တစ်နည်း နန်းစီးခန်းသည် ဇာတ်တော်ကြီးကို နှစ်သက်သူများအတွက် စွဲမက်ဖွယ်ရာ ပြကွက်ဖြစ်နိုင်ပြီး ကိုယ့်ထီးကိုယ့်နန်းနှင့် နေခဲ့စဉ်ကာလများကို ပြန်လည်တမ်းတ ဇာတိမာန်နိုးကြွစေမည်သာဖြစ်လေသည်။ ထို့အပြင် မယ်တော်သီရိမဟာမာယာဒေဝီမိဖုရားကြီးကို အင်ကြင်းတော၌ နတ်ရွာစံခြင်းမပြုစေဘဲ ကပိလဝတ်ပြည်သို့ ပြန်စေခြင်းမှာလည်း အမှားကို အမှန်ထင်နေကြသူများအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ အနှစ်သာရစေတနာမှန်ဖြစ်စေသည်ကို ကျေးဇူးတင်နေမည်သာဖြစ်လေသည်။

မဟာဗုဒ္ဓဝင်ဖွားတော်မူခန်းဇာတ်ကြီးကို မယ်တော်သီရိမဟာ မာယာဒေဝီမိဖုရားခေါင်ကြီးက အလောင်းတော်၏ သန္ဓေကို လွယ်ထားရသည့် အချိန်မှစ၍ ဇာတ်ကို နိုးထစေမည်ဖြစ်လေသည်။ ဒေဝဒဟ၊ ကောလိယနှင့် ကပိလထီးနန်း ဤကြင်နန်းသုံးဆူတို့၏ နှုန်းတူအနွယ်တို့ကြားဝယ် သက်တော်ငါးဆယ်ကျော်မှ သားသန္ဓေရသည့် မိန်းမသားတစ်ဦး၏ ဘဝ၊ သားဇောကပ်နေသည့် ဖခင်တစ်ဦး၏အလှ၊ အနွယ်တော်တို့၏ ကြားဝယ် အရှက်ပွားစေမည့် စကားဟု ထင်မှတ်မှားသည့် သုပ္ပဗုဒ္ဓဘုရင်၏ ဒေါသတို့က ဇာတ်ကိုလှပအောင် ဖန်ဖွဲ့ပေးနေသည်သာဖြစ်လေသည်။ မောင်တော် သုပ္ပဗုဒ္ဓဘုရင်ထံ သားသန္ဓေပြရန် မယ်တော်မိဖုရား၏ ခြေလှမ်းများက ဇာတ်ကို အထွတ်အထိပ်ပေးဆောင်မည်သာ ဖြစ်လေသည်။

မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း၌ ဇာတ်ရုပ်များအဖြစ်-

(၁) ကပိလဝတ်ပြည့်ရှင် ဘုရင် သုဒ္ဓေါဒန

(၂) သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားခေါင်ကြီး သီရိမဟာမာယာဒေဝီ မိဖုရားကြီး

(၃) သုဒ္ဓေါဒနမင်းကြီး၏မိဖုရား မာယာဒေဝီမိဖုရားကြီး၏ညီမတော် ဂေါတမီမိဖုရား

(၄) ဒေဝဒဟပြည့်ရှင်ဘုရင် သုပ္ပဗုဒ္ဓ

(၅) ဇာတ်ပျိုး၊ ဇာတ်နိုးရာမှ ဇာတ်ကို ပေါင်းသည်အထိ နိုးထစေပါသော ဗကအမတ်ကြီး

(၆) အထိန်းတော်များ

(၇) လက်ဆွဲတော်များ

(၈) ဝန်နီ၊ ဝန်စိမ်း၊ မှူးမတ်ဗိုလ်ပါ အခြွေအရံများဟူ၍ တွေ့နိုင်ပါသည်။

ကန့်သတ်ထားသည့် ပြိုင်ပွဲဝင်၏ ဦးရေနှင့်အညီ ဇာတ်ကို လှုပ်ခါနိုးကြွစေမည်ဟု ယုံကြည်မိပါသည်။ ထိုသို့သော ဇာတ်ရုပ်များပါဝင်သည့် ဇာတ်တော်ကြီးကို-

(၁) ပထမ၊ ဒုတိယ၊ တတိယ ဟူသော အဖွဲ့လိုက်ဆု

(၂) သုဒ္ဓေါဒနမင်းသားဆု

(၃) မယ်တော်မာယာမင်းသမီးဆု

(၄) ဗကအမတ်ကြီးဆု

(၅) သုပ္ပဗုဒ္ဓမင်းသားကြီးဆု

(၆) နှစ်ပါးသွားဆု (မင်းသား-မင်းသမီး)

(၇) ဇာတ်သဘင်တင်ဆက်မှုဆိုင်ရာ စာပေဆု (ဇာတ်ညွှန်းဆု)

(၈) ပံ့ပိုးဆိုင်းဆု

(၉) ဒါရိုက်တာဆုတို့ ပေးအပ်ချီးမြှင့်ပေးမည်ဖြစ်လေသည်။

ဖွားတော်မူခန်း ဇာတ်တော်ကြီးကို ကြည့်ရှုရခြင်းဖြင့်-

"ပြည်သူတို့ မေတ္တာမှန်ကို ငါကိုယ်တော်ခံ၊ တစ်ဆူဘုရင်၊ လောကနတ်ဟု ပြောစမှတ်တွင်လောက်ပေမယ်ကိုမင်းကြီးများ" ဟူသော နန်းစီးစကား-

"လစဉ်အမှန်၊ မ ခင်ပန်တဲ့ ကျန်ရတုႉ. . ပြန်လုချိန်သင့်၊ သန္တာနီမြန်း၊ ရာသီပန်း၊ ရွှေခေါင်ရန်းလေးများပွင့်ပါစေဗျာႉ. . ဟူသော ပဋိသန္ဓေစစ်စကား စသည့် ဇာတ်စာ၊ ဇာတ်စကား၊ ဇာတ်ချင်းများသည် ပရိသတ်ကိုလှုပ်နိုးစေမည် ဖြစ်လေသည်။

ဇာတ်သမားလာလျှင် မှတ်သားစရာပါရမည်၊ ဇာတ်သမားပြန်လျှင် မှတ်သားစရာ ကျန်ရမည်ဟူသော သဘင်ပညာရှင်တို့၏ အစဉ်အလာစကားအရ လောကအကြောင်း၊ ဓမ္မအကြောင်း၊ ရာဇအကြောင်းများကို ကူးလူးယှက်နွယ် မွမ်းထုံထားသော ပြိုင်ပွဲဝင်သဘင်ပညာရှင်များ၏ မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း ဇာတ်တော်ကြီးကို ကြိုဆိုအားပေးရမည်ဖြစ်ပါကြောင်း ဖော်ကျူးတင်ပြလိုက်ရပါတော့သည်။ ။

စစ်တောင်းမြစ်ရေ အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၁

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၁၂၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၅၆ စင်တီမီတာ (၁ ဒသမ ၈ပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

နိုင်ငံသားစိစစ်ရေး ကတ်ပြား ထုတ်ပေးလျက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၉)ရပ်ကွက်၌ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းအခမ်းအနားကို စက်တင်ဘာ ၁၁ ရက်က အမှတ်(၉)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ လှိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်အောင်ထွန်းက ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သောင်း ထံသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၁၂၂)

မြန်မာ့အလင်း ပြည်တွင်း လူမှုစီးပွားသတင်းပဒေသာ ပြည်တွင်း လူမှုစီးပွားသတင်းပဒေသာ ပြည်တွင်း လူမှုစီးပွားသတင်းပဒေသာ

ဝေနှမြစ်ရေတိုးမှုကြောင့် ပုသိမ်မြို့ ကမ်းနားလမ်းနှင့် နေရာအချို့ ရေနစ်မြုပ်မှုများဖြစ်ပေါ်

ပုသိမ် စက်တင်ဘာ ၁၁

ယခုတလော ပုသိမ်မြို့၌ ငဝန်မြေရေတိုးမှုနှင့် မိုးသည်းထန်မှုကြောင့် ကမ်းနားလမ်းတစ်လျှောက်နှင့် မြေနိမ့်ရပ်ကွက်အချို့တွင် စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီခန့်မှ ည ၈ နာရီအထိ ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

ရပ်ဝေးနယ်ဝေးခရီးသွားများ အားထားရသည့် ကမ်းနားလမ်းညဈေးသည်လည်း ရေကြီးနစ်မြုပ်ခံရသဖြင့် ဈေးသည်များ အခက်တွေ့နေကြသည်။ မြို့တော်ပန်းဥယျာဉ်ကြီးမှာ ရေကြီးနစ်မြုပ်မှုခံရသော်လည်း အသွင်ဆန်းစရာ ဘုတ်တလုတ်ကန်ရေပြင်အလား ရေကူး၊ ရေကစားကြသူများနှင့် စည်ကားနေသည်။ ယခုအခါ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ရေကာတာကွန်ကရစ်လမ်းမကြီးအဖြစ် အားချင်းတည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။ (ဝဂုဂု)

ဘက်ထရီအားသုံး လျှပ်စစ်မော်တော်ယာဉ် စမ်းသပ်ထုတ်လုပ်မှုအောင်မြင်

ရန်ကုန် စက်တင်ဘာ ၁၁

ပြည်တွင်းမှပညာရှင်များ၊ မိမိတို့စက်ရုံမှပညာရှင်များ ပူးပေါင်း၍ ၂၀၀၈ ခုနှစ်မှစတင်ကာ လျှပ်စစ်ယာဉ်အမျိုးမျိုး ထုတ်လုပ်နိုင်ရေး စမ်းသပ်ခဲ့ရာ ယခုအခါ ဘက်ထရီအားသုံး လျှပ်စစ်မော်တော်ယာဉ် (Electric Vehicle) များကို စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း မန္တလေးစက်မှုဇုန်ရှိ ယူဒီဂရု(ပ်) ကား ထုတ်လုပ်ရေးလုပ်ငန်းမှ ဦးခင်မောင်ဝင်းက ဂုဏ်ယူဝမ်းမြောက်စွာ ပြောကြားသည်။

လျှပ်စစ်မော်တော်ယာဉ်၏ ခန့်မှန်းထုတ်လုပ်မှုကုန်ကျစရိတ်မှာ ကျပ်သိန်း ၈၀ ခန့်ရှိသည်။ သက်ဆိုင်ရာဌာနအသီးသီး၏ ခွင့်ပြုချက်နှင့် အတည်ပြုချက်များရရှိပါက ပြည်သူများအား စတင်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

(ကိုကြီးသာ)

လျှပ်စစ်မော်တော်ယာဉ် (Electric Vehicle) ကို လျှပ်စစ်ဓာတ်အားသွင်း နေစဉ်။

လျှပ်စစ် မော်တော်ယာဉ်တွင် ပြည်တွင်းမှ ထုတ်လုပ်သော ပစ္စည်းအစိတ်အပိုင်း ၆၅ ရာခိုင်နှုန်းနှင့် ပြည်ပမှ ပစ္စည်းအစိတ်အပိုင်း ၃၅ ရာခိုင်နှုန်းကို ထည့်သွင်းအသုံးပြုထားပြီး ၁၂ ဗို့အား ဘက်ထရီအိုး ၁၂ လုံး တပ်ဆင်ထားသည်။ လျှပ်စစ်ဓာတ်အား တစ်ခါအားသွင်းလျှင် ၈ နာရီခန့်သွင်းရပြီး အားပြည့်နေလျှင် ၆၂ မိုင် (ကီလိုမီတာ ၁၀၀ ခန့်) မောင်းနှင်နိုင်သည်။ ယခုအခါ (0.75)Ton ရှစ်ယောက်စီး ဝက်ဝွန်ကားနှင့် 1-Ton ထရပ်ကားယာဉ်များကို စမ်းသပ်ထုတ်လုပ်ထားသည်။ မိုင်ပေါင်းများစွာကို အောင်မြင်စွာ စမ်းသပ်မောင်းနှင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

ချောင်းဦးမြို့၌ စီဒီအမ်အေ ၄၅၀ ဒေသသုံးတယ်လီဖုန်း အလုံး ၃၀၀ အား နေ့ချင်းပြီးစနစ်ဖြင့် ရောင်းချပေး

ချောင်းဦး စက်တင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ချောင်းဦးမြို့၌ စက်တင်ဘာ ၆ ရက်မှ ၉ ရက်အထိ စီဒီအမ်အေ ၄၅၀ ဒေသသုံးတယ်လီဖုန်း အလုံး ၃၀၀ အား နေ့ချင်းပြီးစနစ်ဖြင့် ဆောင်ရွက်ရောင်းချပေးကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

နေပြည်တော်အတွင်း ယာဉ်စည်းကမ်းဥပဒေအရ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ အရေးယူခြင်းခံရမည်

နေပြည်တော် စက်တင်ဘာ ၁၁

နေပြည်တော်ကောင်စီသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ အမိန့်ကြော်ငြာစာ အမှတ် (၇၁/ ၂၀၁၁) ကို ထုတ်ပြန်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိစေရန်နှင့် မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းသူများ၊ လမ်းအသုံးပြုသူများ လိုက်နာစေရေးအတွက် စည်းကမ်းချက် (၁၅) ချက်ကို ထုတ်ပြန်ခဲ့ပြီး အမိန့်ကြော်ငြာစာပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ဖောက်ဖျက်ကျူးလွန်ပါက သို့မဟုတ် လိုက်နာရန်ပျက်ကွက်ပါက နေပြည်တော် စည်ပင်သာယာရေး **ဥပဒေပုဒ်မ(၂၆)အရ သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ** ဒဏ်နှစ်ရပ်စလုံးဖြစ်စေ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သိရသည်။

ယခင်က နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့သည် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး မော်တော်ယာဉ်မတော်တဆဖြစ်မှု အများဆုံးဖြစ်ပွားသော လမ်းပိုင်းနှင့် အချိန်ကိုသုံးသပ်၍ ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေကို ဖောက်ဖျက်ကျူးလွန်ကြသော မော်တော်ယာဉ်မောင်းနှင်သူ၊ မော်တော်ဆိုင်ကယ်စီးနင်းသူများကို ၁၉၆၄ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေအရ ချလန်ဖြတ် အရေးယူဆောင်ရွက်ခဲ့၍ ယခင်က စီမံခန့်ခွဲမှု ဒဏ်ငွေ ၂၀၀၀၀ နှင့် တရားရုံးဒဏ်ငွေ ၁၅၀၀ နှုန်းဖြင့် ဒဏ်တပ်အရေးယူဆောင်ရွက်ခဲ့သည်။

ယာဉ်မတော်တဆဖြစ်ပွားရသော အကြောင်းအရင်းများကို ဆန်းစစ်ကြည့်လျှင် လူကြောင့်၊ လမ်းကြောင့်၊ ရာသီဥတုကြောင့်နှင့် ယာဉ်ကြောင့်ဖြစ်ပြီး အများဆုံးဖြစ်ပွားရခြင်းမှာ လူကြောင့်ဖြစ်ကြောင်း သိရှိရသည်။

နေပြည်တော်သည် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော်ဖြစ်၍ လမ်းပိုင်းဆိုင်ရာများ တိုးတက်ကောင်းမွန်လာသကဲ့သို့ ယာဉ်များသည်လည်း တိုးတက်သောနည်းပညာများဖြင့် ထုတ်လုပ်လာကြသဖြင့် အရှိန်နှုန်းမြင့်မောင်းနှင်နိုင်ခြင်း၊ ကျေးလက်ဒေသနေပြည်သူများပါ မော်တော်ဆိုင်ကယ်များ အသုံးပြုနေကြခြင်းတို့ကြောင့် မော်တော်ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရန် လမ်းအသုံးပြုသူတိုင်းသည် လမ်းစည်းကမ်းကို သိရှိနားလည်လိုက်နာကြရန် အထူးလိုအပ်ပေသည်။ **(ညီညီထွန်း)**

မိုးနှောင်းကောင်း၍ မိုးသီးနှံများအောင်မြင်ဖြစ်ထွန်း

ရေစကြို စက်တင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် မိုးနှောင်းမိုးကောင်းမွန်မှုကြောင့် ဆည်တမံများအတွင်း ရေဝင်ရောက်ပြီး မိုးစပါးနှင့် မိုးသီးနှံများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ ၂၀၁၁ ခုနှစ် မိုးစပါးလျာထားဧကမှာ ၃၅၁၂၇ ဧက အနက် စက်တင်ဘာ ၆ ရက်အထိ ၂၄၄၇၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယမန်နှစ်ထက် ဧက ၃၂၀၀ တိုးတက်စိုက်ပျိုးနိုင်ခဲ့သည်။

ယခုအခါ မိုးစပါးထွန်တုံးပိတ်ရန် ၁၅ ရက်ခန့်သာလိုတော့သည့်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးနှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များသည် သတ်မှတ်ကာလအတွင်း လျာထားဧက အပြည့်အဝစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာရွှေ့တန်းစခန်းအသီးသီးတွင် ညအိပ်သွားရောက်၍ တောင်သူများနှင့် နီးနီးကပ်ကပ် ကြီးကြပ်ပေါင်းစပ်ကြိုးပမ်းလျက်ရှိကြသည်။

ထို့အပြင် ၂၀၁၁ ခုနှစ် မိုးသီးနှံများ စိုက်ပျိုးပြီးစီးမှုမှာ မိုးကြိုနှင့် မိုးပဲတီစိမ်း ၂၀၈၉၁ ဧက၊ ပဲစင်းငုံ ၇၂၂၅ ဧက၊ မိုးနှမ်း ၄၉၀၇ ဧက၊ မိုးမြေပဲ ၂၇၆၅ ဧက၊ မိုးနေကြာ ၃၅၉ ဧက၊ မိုးငရုတ် ၁၉၆ ဧက၊ ဟင်းသီးဟင်းရွက် ၁၁၀၈ ဧက၊ ကွဲစာနွား စာ ၆၀၁၁ ဧက၊ နှံစားပြောင်း ၂၆၁၉၄ ဧက၊ ဝါကြီး ၁၅၀၇ ဧက၊ ငွေချည်(၆)ဝါ ဧက ၃၀ တို့ကို စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားဧကထက် ၅၃ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(ထွန်းထွန်းလှိုင်)

ရန်ကုန်မြို့၌ လူသွားစင်္ကြံ ရေနုတ်မြောင်းများ ပြုပြင်ပေးလျက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အင်ဂျင်နီယာဌာန (လမ်း/တံတား)က ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာနှင့် လမ်းမတော်စသည့် မြို့တွင်းခြောက်မြို့နယ်ရှိ လူသွားစင်္ကြံများ၊ စင်္ကြံကပ်တုံးများ၊ ရေနုတ်မြောင်းများနှင့် မြောင်းဖုံးကျောက်ပြားများကို ပြုပြင်ပေးလျက်ရှိသည်။

ထို့အပြင် ခြောက်လမ်းသွား ဘုရင့်နောင်လမ်းမကြီးတွင်လည်း ယခင်က အလယ်လေးလမ်းကိုသာ ကတ္တရာခင်းထားရာမှ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းနှင့် သမိုင်းလမ်းဆုံမှ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းနှင့် ကမ်းနားလမ်းဆုံအထိ လမ်းပိုင်းကို ခြောက်လမ်းသွားအပြည့် နိုင်လွန် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် အဆိုပါ လမ်းပိုင်းအတွင်းရှိ လူသွားစင်္ကြံ၊ စင်္ကြံကပ်တုံးနှင့် ရေနုတ်မြောင်းများကိုလည်း ပြုပြင်လျက်ရှိကြောင်း သတင်းရရှိသည်။

ညွန့်သန်း(သတင်းစဉ်)

တောင်အာဖရိကမှ ရှာကီရာတို့စုံတွဲ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၁

တောင်အာဖရိကနိုင်ငံမှ မှာယူထားသော ကျားဝါတစ်စုံနှင့် ခြင်္သေ့ညိုတစ်စုံတို့သည် နေပြည်တော်မှတစ်ဆင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ မကြာမီက ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။ ရောက်ရှိလာသော တိရစ္ဆာန်များမှာ နှစ်နှစ်ခွဲအရွယ်ရှိ ခြင်္သေ့အထီး ဒိုလေး၊ ခြင်္သေ့မလေး ရှာကီရာနှင့် နှစ်နှစ်အရွယ်ရှိ မိုက်ဟု အမည်ပေးထားသည့် ကျားအထီးနှင့် ဒေစီဟု အမည်ပေးထားသည့် ကျားမလေးတို့ ဖြစ်သည်။

အဆိုပါ ကျားဝါတစ်စုံနှင့် ခြင်္သေ့ညိုတစ်စုံတို့သည် ဩဂုတ် ၉ ရက်က တောင်အာဖရိကနိုင်ငံမှ စင်းလုံးငှားလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာခဲ့သော ရှားပါးတိရစ္ဆာန် ၁၀ မျိုး ၈၅ ကောင်မှ ခွဲဝေပေးပို့သည့် တိရစ္ဆာန်များဖြစ်ကြသည်။ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကို ၁၉၀၆ခုနှစ်တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး တိရစ္ဆာန်ကောင်ရေ စုစုပေါင်း ၁၀၉၃ ကောင် မွေးမြူပြသထားကြောင်း သိရှိရသည်။

(ကိုကြီးသာ)

အသက် နှစ်နှစ်ခွဲအရွယ် ဒိုလေးအမည်ရှိ ခြင်္သေ့အထီးနှင့် ရှာကီရာအမည်ရှိ ခြင်္သေ့မလေးတို့အား တွေ့ရစဉ်။

အသက် နှစ်နှစ်အရွယ် မိုက်အမည်ရှိကျားဝါ (အထီး) နှင့် ဒေစီအမည်ရှိ ကျားမလေးတို့ကို တွေ့ရစဉ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိလမ်းနှင့်တံတားများ ဒုတိယဝန်ကြီးဦးကျော်လွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်လွင်သည် စက်တင်ဘာ ၂ ရက် မွန်းလွဲပိုင်းက မိတ္ထီလာ-တောင်ကြီး လမ်းတစ်လျှောက်ရှိ လမ်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ခံ အင်ဂျင်နီယာများက မိုင်တိုင်အမှတ်(၀/၆ မှ ၁၁၆/၀)အထိ လမ်းလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်း တင်ပြကြပြီး ဒုတိယဝန်ကြီးက B.O.T လမ်းများကို မိုးကာလအတွင်း သွားလာမှုချောမွေ့စေရေးအတွက် ပုံမှန်ထိန်းသိမ်းရန်၊ လမ်းအဆင့်တိုးမြှင့်ဆောင်ရွက်ရာတွင် သတ်မှတ်လမ်းအကျယ်အတိုင်း တစ်ဆက်တစ်စပ်တည်းပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် စာချုပ်နှင့်အညီ သတ်မှတ်ကာလအတွင်းပြီးစီးရေး စီမံဆောင်ရွက်ကြရန် ညှိနှိုင်းမှာကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက မိတ္ထီလာ-တောင်ကြီး လမ်းမှတစ်ဆင့် ညောင်ရွှေမြို့ပတ်လမ်းတစ်လျှောက် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကျော်ခဲ့မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး အမှတ်(၂)ယန္တရားတပ်စုအတွင်း စက်ယန္တရားများပြုပြင်ပြီးစီးမှု၊ ပြုပြင်ဆဲနှင့် ပြုပြင်ရန် ကျန်ရှိနေသော စက်ယန္တရားများအား တာဝန်ရှိသူများနှင့်အတူ လိုက်လံကြည့်ရှုစစ်ဆေး၍ စက်ယာဉ်များအား တာရှည်သုံးစွဲနိုင်ရေး စနစ်တကျပြုပြင်ထိန်းသိမ်းရန် မှာကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) အင်ဂျင်နီယာမှူးကြီးရုံး၌ တောင်ကြီးမြို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒလမြို့နယ်အုပ်ချုပ်ရေးမှူးဦးဝင်းမြင့်ဇော်နှင့်ဝန်ထမ်းများက ဗိုလ်ရန်ပြေရပ်ကွက် ဒလသင်္ဘောဆိပ်အနီးကားဝင်းအရှေ့၌ အသိပညာပေးမြေစိုက်ပိုစတာ စိုက်ထူကြစဉ်။

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဒလမြို့နယ်၌ ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်အတွင်းရှိ ဝန်ထမ်းများနှင့် ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် အသိပညာပေးမြေစိုက်ပိုစတာ စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း အခမ်းအနားကို စက်တင်ဘာ ၇ ရက်က ဒလမြို့နယ်၌ကျင်းပရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ တောင်ပိုင်းခရိုင်မှ တာဝန်ရှိသူများ၊ ဒလမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်ဇော်နှင့် ဝန်ထမ်းများက ဗိုလ်ရန်ပြေရပ်ကွက် ဒလ သင်္ဘောဆိပ်အနီး ကားဝင်းရှေ့၌ လည်းကောင်း၊ ဒလ-တွံတေး ကားလမ်း လျှပ်စစ်အုပ်ချုပ်ရေးမှူးရုံးရှေ့နှင့် ဒလ နာရီစင်၌လည်းကောင်း၊ ကျန်စစ်သား ရပ်ကွက်ဗိုလ်တေဇလမ်းနှင့် တွံတေး-ဒလ ကားလမ်းထောင့်၌လည်းကောင်း စိုက်ထူကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အုတ်တွင်းမြို့၌ ရေသိုးဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်

ဖြူး စက်တင်ဘာ ၁၁

ငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက အုတ်တွင်းမြို့နယ်အတွင်းရှိ ရေသိုးဆည်အတွင်းသို့ ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်

အဆိုပါအခမ်းအနားတွင် ဒေသခံတပ်နယ်မှ အရာရှိစစ်သည် မိသားစုဝင်များ၊ တောင်ငူခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ အုတ်တွင်းမြို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဖြူးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ခင်မျိုးနိုင်နှင့်ဝန်ထမ်းများက စုပေါင်း၍ ဆည်အတွင်းသို့ ငါးမြစ်ချင်း၊ ငါးခုံးမငါးသားပေါက်ကောင်ရေလေးသိန်းကို စုပေါင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။

(ငါးလုပ်ငန်းဦးစီးဌာန)

ပျော်ဘွယ်မြို့နယ်၌ ပျားရောဂါကာကွယ်ကုသရေး မွမ်းမံသင်တန်းဆင်း

ပျော်ဘွယ် စက်တင်ဘာ ၁၁

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာန(ရုံးချုပ်)က ကြီးမှူးဖွင့်လှစ်သော ပျားရောဂါကာကွယ်ကုသရေး မွမ်းမံသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၇ နာရီက ပျော်ဘွယ်မြို့နယ် ပျားလုပ်ငန်းဌာန ဦးစီးအရာရှိရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ပျားလုပ်ငန်းဌာန ဒုတိယညွှန်ကြားရေးမှူးဦးသန်းထွေးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူတို့အား ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေရတုကျောင်းဆောင်သစ်ဆောက်လုပ်ရေး ကျွန်းလှမြို့နယ်၌ အလှူငွေပေးအပ်

ကျွန်းလှ စက်တင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်တွင် ရွှေရတုကျောင်းဆောင်သစ် ဆောက်လုပ်ရန် ပထမအကြိမ်အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၈ ရက် မွန်းလွဲ ၁ နာရီက အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး(ငြိမ်း) ဦးသောင်းညွန့်က အမှာစကားပြောကြားပြီး ရွှေရတုကျောင်းဆောင်သစ်ဖြစ်မြောက်ရေးကော်မတီဝင် ကျောင်းသားဟောင်း ဦးဟန်သိန်းက ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းကာ အလှူရှင် ၂၂ ဦးက ငွေကျပ် ၄၁ သိန်းကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ပေ ၁၂၀၊ အနံ ပေ ၃၀၊ အမြင့်ပေ ၁၂ RC တစ်ထပ်ကျောင်းဆောင် ဖြစ်ကြောင်းသိရှိရသည်။**(မြို့နယ် ပြန်/ဆက်)**

ဒီပလိုမာ စာရင်းကိုင်ပထမပိုင်းသင်တန်း ဖွင့်လှစ်မည်

နေပြည်တော် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံစာရင်းကောင်စီက နေပြည်တော်ရှိ အစိုးရရုံးဌာန ဝန်ထမ်းများအတွက် ဒီပလိုမာစာရင်းကိုင် ပထမပိုင်း သင်တန်းကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ၁၀ လကြာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းရုံး အမှတ်(၁၂) နေပြည်တော်၌ ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း၊ အပတ်စဉ် တနင်္လာနေ့မှ စနေနေ့အထိ နံနက် ၇ နာရီမှ ၉ နာရီအထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

စုံစမ်းနိုင်

အဆိုပါသင်တန်းသို့ ဘွဲ့ရအစိုးရဝန်ထမ်းများ လျှောက်ထားနိုင်ကြောင်းနှင့် လျှောက်လွှာပုံစံကို ၂၀၁၁ခုနှစ် အောက်တိုဘာ ၃ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ရုံးချိန်အတွင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းရုံးအမှတ်(၁၂)သို့ လူကိုယ်တိုင် လာရောက်ဝယ်ယူနိုင်ကြောင်း အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၀၇၂၀၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

တာမွေမြို့နယ်ဝတ်အသင်းသူများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်အရှေ့ပိုင်းခရိုင် သာသနာ့နုဂ္ဂဟအသင်းကြီးက ကြီးမှူးကျင်းပသော ပထမအကြိမ် ၁၄မြို့နယ် ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ်ဝတ်ရွတ်ဆို ပူဇော်ပွဲတွင် ပထမဆုရရှိသော တာမွေမြို့နယ် ဝတ်အသင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဩဂုတ် ၂၈ ရက်က တာမွေမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် တာမွေမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ အရှေ့ပိုင်းခရိုင် သာသနာ့နုဂ္ဂဟ အသင်းဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် မြို့နယ် သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးစိန်ဝင်းတို့က အမှာစကားပြောကြားပြီး ပထမဆုရရှိသော တာမွေမြို့နယ် ဝတ်အသင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

တောင်သူများအား ပုံ့ပိုးပစ္စည်းများပေးအပ်

မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက် အဓိပတိလယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လီမိတက်မှ မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ တောင်သူများသို့ ပံ့ပိုးပစ္စည်းပေးအပ်ပွဲကို စက်တင်ဘာ ၈ ရက် နံနက် ၁၁ နာရီက မော်လမြိုင်ကျွန်းမြို့ မော်ရောခန်းမ၌ ကျင်းပသည်။

လက်ခံယူ

အခမ်းအနားတွင် မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၆၀ မှ အခြေခံပညာကျောင်းများအား စာသင်ခန်းသုံး စာရေးစားပွဲ၊ ကုလားထိုင်များနှင့် တောင်သူများအတွက် ပံ့ပိုးပစ္စည်းများကို အဓိပတိ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလီမိတက် ဒါရိုက်တာ ဗိုလ်မှူးတင့်လွင်ဦး(ငြိမ်း)က ပေးအပ်ရာ အခြေခံပညာကျောင်းများအတွက် ပညာရေးမှူးကိုယ်စား မော်လမြိုင်ကျွန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးဦးအေးကြည် **(အပေါ်ပုံ)**ကလက်ခံယူပြီး ကျေးရွာတောင်သူများ အတွက် ပံ့ပိုးပစ္စည်းများကို ကျေးရွာ အုပ်ချုပ်ရေးမှူးများက လက်ခံယူခဲ့ကြကြောင်း သိရှိရသည်။ **(ဝဇ္ဇ)**

ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြော

တောင်ကုတ် စက်တင်ဘာ ၁၁

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ကမ်းရိုးတန်းနေ ရေလုပ်သားမိသားစုများ၏ ပညာရေး အထောက်အပံ့အဖြစ် ငါးသယံဇာတ ထိန်းသိမ်းရေးပညာပေးရုပ်ပုံပါ ကျောင်းသုံးဗလာစာအုပ် လှူဒါန်းပွဲနှင့် ပညာပေး ဟောပြောပွဲ အခမ်းအနားကို တောင်ကုတ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးဆောင်ကာ စက်တင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီက မအီမြို့နယ်ခွဲအထက၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးအောင်က အမှာစကားပြောကြားပြီး တောင်ကုတ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးဦးကျော်ဆင့်က စာအုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူ ၈၉၇ ဦးနှင့် ဆရာ ဆရာမ ၂၇ ဦးတို့အတွက် ကျောင်းသုံး ဗလာစာအုပ် ၁၆၃၉ အုပ်ကို လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) (မြို့နယ်ငါးလုပ်ငန်းဦးစီး)

Media Corner များ တိုးချဲ့ဖွင့်လှစ်မည်

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် ပြည်သူများ၏ စာပေ ဖတ်ရှုမှုစံနှုန်းမြင့်မားလာစေရေး၊ စာပေ ဗဟုသုတကြွယ်ဝလာစေရေးနှင့် မိမိလေ့လာဖတ်ရှုလိုသည့် စာအုပ်စာပေများကို လွယ်လင့်တကူ လက်လှမ်းတမီ၊ အချိန်မီ ဝယ်ယူဖတ်ရှုနိုင်စေရေး၊ မြန်မာတစ်နိုင်ငံလုံး စာအုပ်၊ စာပေ ဈေးကွက် ကြီးမား ကျယ်ပြန့်လာစေရေးတို့ကို ရည်ရွယ်ကာ မီဒီယာကော်နာ (Media Corner)များကို ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်နှင့် ပုဇွန်တောင် ခြောက်မြို့နယ်တို့တွင် ၂၀၁၁ ခုနှစ် မေ ၂ ရက်မှ စတင်ကာ ဆိုင်ခန်း ၁၆ခန်း ဖွင့်လှစ်၍ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာရေးကိရိယာများကို ရောင်းချခဲ့သည်။

တိုးချဲ့

အဆိုပါ အောင်မြင်မှုကို အခြေခံကာ နေပြည်တော်၊ တောင်ငူ၊ မုံရွာနှင့် လားရှိုးတို့၌ နှစ်နေရာစီနှင့် မန္တလေးတွင် ၁၀ နေရာ စုစုပေါင်း မီဒီယာကော်နာ ၁၈ ခု ထပ်မံ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသခံများ တောင်းဆိုလာလျှင် ပြန်ကြားရေးဝန်ကြီးဌာနသို့ တင်ပြ ခွင့်ပြုချက်ရယူ၍ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်လှစ်ပေးသွားမည်

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက သတ်မှတ်ထားသည့် စည်းကမ်းများနှင့် ညီညွတ်လျှင် မီဒီယာကော်နာများ ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း မီဒီယာကော်နာ စီမံကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကိုကိုထံမှ သိရသည်။

ဝင်းဝင်းမော်(သတင်းစဉ်)

ဘားအံနှင့်လှိုင်းဘွဲ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကရင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၁

ကရင်ပြည်နယ် အဆို၊ အက၊ အရေး၊ အတီး ကျင်းပရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီတွင် ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းတက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဘားအံမြို့ပေါ်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား တွေ့ဆုံ အမှာစကားပြောကြားခဲ့သည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ပြည်နယ်ဝန်ကြီးချုပ်သည် စက်တင်ဘာ ၃ ရက်တွင် ဘားအံမြို့နယ် တော်ပုံကျေးရွာအနီး၌ မိုးစပါးစိုက်ခင်းများအတွင်း တောင်သူများ စုပေါင်း၍ မြေသြဇာ ကြဲပက်နေမှုကို ကြည့်ရှုအားပေးပြီး တောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးကာ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဘားအံမြို့ ဖွဲ့ကပင်တောင်ခြေရှိ လုမ္ဗိနီဥယျာဉ်အတွင်း၌ ဌာနဆိုင်ရာဝန်ထမ်းများက ချုံနွယ်ပေါင်းပင်များအား သန့်ရှင်းရေး ကုသိုလ်ဒါနပြုနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် စက်တင်ဘာ ၅ ရက်တွင် လှိုင်းဘွဲမြို့ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းရုံး၌ စက်များ တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ လှိုင်းဘွဲ-ကပ္ပလီ-ကမ်းနီ-ရွှေဂွန်းလမ်းပိုင်းရှိတံတားများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရာသီမရွေးသွားလာနိုင်ရေးနှင့် ကြံ့ခိုင်ကောင်းမွန်ရေးတို့ကို တာဝန်ရှိသူများက စဉ်ဆက်မပြတ် ကြပ်မတ်ကွပ်ကဲသွားကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ လှိုင်းဘွဲမြို့နယ် ရေဘုတ်ရေလှောင်တမံသို့ရောက်ရှိပြီး ရေဘုတ်ဆည်အတွင်း မိုးတွင်းကာလ ရေဝင်ရောက်သိုလှောင်ထားရှိမှု၊ ဆည်ရေပိုလွှဲမှုပင်မမြောင်း၊ လက်တံမြောင်း လက်ခွဲမြောင်းများအတွင်းသို့ ရေဖြန့်ဝေပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် စက်တင်ဘာ ၆ရက်တွင် ဘားအံမြို့နယ် ဝင်းကျန် ကျေးရွာအနီးရှိ မိုးစပါးစိုက်ခင်းများအတွင်း တောင်သူများ စုပေါင်းမြေသြဇာကြဲပက်နေမှုကို ကွင်းဆင်းကြည့်ရှုအားပေးကာ တောင်သူများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်ချက်များကို ပံ့ပိုးဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝင်းကျန်ကျေးရွာ အမှတ်(၅၉)အခြေခံပညာမူလတန်းလွန်ကျောင်း၌ကျင်းပသော ဝင်းကျန်ကျေးရွာရှိ အောင်သပြေလယ်ယာနှင့် အထွေထွေ စီးပွားရေးသမဝါယမအသင်းနှင့် အောင်သစ်ဆန်းစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း(၂)သင်းမှ အသင်းသားများအား စိုက်ပျိုးစရိတ်မတည်ငွေထုတ်ချေးသည့် အခမ်းအနားသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် အသင်းဝင်တောင်သူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့်ပြည်နယ်ဝန်ကြီးများက စိုက်ပျိုးစရိတ် မတည်ငွေများကိုတစ်ဦးချင်းစီ ထုတ်ချေးပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းဆောင်သစ်ထပ်မံတိုးချဲ့နိုင်ရေးထောက်ပံ့အလှူငွေများပေးအပ်သည်။

ထုတ်ချေးပေးခဲ့

ဘားအံမြို့နယ် ဝင်းကျန်ကျေးရွာရှိ အောင်သပြေလယ်ယာနှင့်အထွေထွေ စီးပွားရေးသမဝါယမအသင်းနှင့် အောင်သစ်ဆန်း စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း (၂)သင်းမှ အသင်းသားဦးရေ ၁၀၀ အား စိုက်ဧက ၃၃၁ ဧကအတွက် စိုက်ပျိုးစရိတ်ငွေကျပ် ၁၆၅ ဒသမ ၅ သိန်းကို အသင်းသား တောင်သူများထံ ထုတ်ချေးပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

▲ ရှေ့ဖုံးမှ

ဖြန့်ဖြူးပေးနေရမှုကို ဆီထွက်နေကြာနှင့် အစားထိုးပြီး ဆီဖူလုံရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်အကောင်အထည် ဖော်သွားနိုင်မည်ဖြစ်ကြောင်း၊ တောင်သူများ ယခုထက် ပိုမိုအကောင်အထည်ဖော် စိုက်ပျိုးထုတ်လုပ်ကြရန်လိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝမ်းတွင်းမြို့နယ် ရွှေတောင်ခြံ၌ စပ်မျိုးစပါးဧက ၃၀ မျိုးစေ့ထုတ်စိုက်ခင်းနှင့် နေကြာစပ်မျိုး ၁၀ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုများကို ကြည့်ရှုလေ့လာကြရာ ပြည်ထောင်စုဝန်ကြီးက ဆန်စပါးစိုက် တောင်သူများအနေဖြင့် အခြားဝင်ငွေရလုပ်ငန်းများနှင့် နှိုင်းယှဉ်ပြီး တွက်ခြေမကိုက်၍ ဆန်စပါးစိုက်ပျိုးရန် ပူပင်ကြောင့်ကြနေမှုများကို အထူးအထွက်တိုးစပ်မျိုးစပါးများဖြင့် အထွက်နှုန်း(၂)ဆတိုးရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စပ်မျိုးစပါး F-1 များသည် သိပ္ပံနည်းကျ စိုက်နည်းစနစ်ကို ကျင့်သုံး လိုက်နာဆောင်ရွက်ပါက တစ်ဧကတင်း ၁၀၀အထက် ထွက်ရှိမည်ဖြစ်၍ တောင်သူလယ်သမားများအတွက် အကျိုးအမြတ် လွန်စွာတွက်ခြေကိုက်မည်ဖြစ်ကြောင်း၊ ထို့အတွက် F-1 မျိုးစေ့ထုတ်လုပ်ငန်းများကို ပညာရှင်များ အနေဖြင့် အလေးအနက်ထားပြီး ထိရောက်အောင်မြင်စွာ ကိုယ်ရောစိတ်ပါနှစ်၍ လုပ်ဆောင်ရန်လိုကြောင်း၊ လက်ရှိဆောင်ရွက်နေသော ဧက ၁၃၀ စိုက်ခင်းမှ ထွက်ရှိလာမည့် F-1 မျိုးစေ့များကို တစ်ဧကအတွက် မူလရည်မှန်းချက်အား ပြည့်မီကျော်လွန်အောင် အစွမ်းကုန်ဆောင်ရွက်ကြရန်နှင့်ဆုပေးဒဏ်ပေးစနစ်ဖြင့် စိုက်ကွင်းအလိုက်အောင်မြင်မှုများကို မှတ်တမ်းတင်သွားမည်ဖြစ်ကြောင်း၊ ထွက်ရှိလာသောF-1မျိုးစေ့များကို တောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးပြီး လာမည့်နွေရာသီတွင် တစ်ဧကတင်း ၂၀၀ အထက် လက်တွေ့အမှန်ထွက်ရှိနိုင်မှုကို စံပြစိုက်ကွင်းကြီးများထူထောင်၍ စိုက်ပျိုးလုပ်ဆောင်ရေး ကြိုတင်ပြင်ဆင်ထားရန် လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောက်ပိုင်းဒေသများမိုးထစ်ချုန်းမည့်အခြေအနေဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၁၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။ **မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ **နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းမည့် အခြေအနေများဖြစ်ပေါ်နိုင်မည်။ **နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

❍ ကျောဖုံးမှ

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်ဌာနဆိုင်ရာအကြီးအကဲများက စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ ပြည်တွင်းဂျာနယ်သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းချက်များကို ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြပြီး တွေ့ဆုံပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဆုပေးအပ်ချီးမြှင့်

စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး ၂၀၁၁ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဝါသနာရှင် (ပထမတန်း)၌ ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၁

ယနေ့ခေတ်ကာလတွင် မီဒီယာနည်းပညာများထွန်းကားမှု မြန်ဆန်ပြီး ပုံနှိပ်ကူးစက်မှုများလည်း ထိရောက်သည့်အချိန်ဖြစ်သည့်အတွက် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုများနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို မှေးမှိန်သွားအောင် စိန်ခေါ်မှုများကလည်းနေ့စဉ်နှင့်အမျှ ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ထို့ကြောင့် မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်မြင့်မားရေး၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေး၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးစသည့် ပြည်သူများ၏ဝံသာနုရက္ခိတတရားများနှင့် အမျိုးကိုချစ်သည့် မျိုးချစ်စိတ်များ ရင့်သန်ခိုင်မာမြင့်မားစေရေးတို့ကို စာပေ၊ ယဉ်ကျေးမှု၊ အနုပညာစွမ်းအားတို့ဖြင့် စေ့ဆော်စည်းရုံးမြှင့်တင်ပေးရန် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ကြောင်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေးက စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဝါသနာရှင် (ပထမတန်း)နှင့် ဝါသနာရှင် (ဒုတိယတန်း) အရေးပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးစောမြင့်ဦးက အဆင့်မြင့်ပညာအဆင့် အရေးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ပေးပြီး ပြိုင်ပွဲများတွင် ဆုရရှိသူများက ဆုရသီချင်းများဖြင့် သီဆိုဖျော်ဖြေကြရာ တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲ ထိုင်းနှင့် ကမ္ဘောဒီးယားအနိုင်ရ

ရန်ကုန် စက်တင်ဘာ ၁၁

အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲက သုဝဏ္ဏနှင့်အောင်ဆန်းကွင်းတို့၌ ဆက်လက်ကျင်းပရာ ထိုင်းအသင်းက မလေးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ကမ္ဘောဒီးယားအသင်းက ဖိလစ်ပိုင်အသင်းကို ငါးဂိုး-သုံးဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

(သုဝဏ္ဏ)

မလေးရှား - ဂိုးမရှိ
ထိုင်း - တစ်ဂိုး

သတင်းနှင့်ဓာတ်ပုံ တင်စိုး(မြန်မာ့အလင်း)

(အောင်ဆန်းကွင်း)

ကမ္ဘောဒီးယား - ငါးဂိုး
ဖိလစ်ပိုင် - သုံးဂိုး

(ယနေ့ပွဲ)

(သုဝဏ္ဏ)

မြန်မာ - ဘရူနိုင်း

(အောင်ဆန်းကွင်း)

အင်ဒိုနီးရှား - ဗီယက်နမ်

(မြန်မာ့အလင်း)

မလေးရှားအသင်းဘက်သို့ ထိုင်းအသင်းထိုးဖောက်ကစားစဉ်။

မြန်မာဝူရှူး အားကစားအဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ပူးတွဲလေ့ကျင့်မည်

ရန်ကုန် စက်တင်ဘာ ၁၁

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ပေကျင်းမြို့နှင့် ဝူဟန်မြို့တို့၌ ဝူရှူးအားကစားနည်း ပူးတွဲလေ့ကျင့်ရန်အတွက် မြန်မာနိုင်ငံဝူရှူးအားကစားအဖွဲ့ချုပ်မှ အုပ်ချုပ်သူများဖြစ်ကြသော ဦးထွန်းထွန်းဦး(ဆန်းဆို)နှင့် ဦးခင်စိုး(ထောက်လှ)တို့ ခေါင်းဆောင်၍ နိုင်ငံခြားနည်းပြဆရာနှစ်ဦးတို့နှင့်အတူ တင်လင်းအောင်၊မောင်မောင်သန်း၊ ရာစုမောင်၊ ထွန်းထွန်းဝင်း၊ ဝေယံလင်း၊ သူရစိုး၊ ဝေဖြိုးအောင်၊ ကျော်ဇင်သစ်၊ ငြိမ်းချမ်းကိုကို၊ လှလှဝင်း၊ စုလှိုင်ဦး၊ စန္ဒီဦး၊ အိမ့်မီမီနှင့် ဝေမာထွန်းသိန်းတို့သည် စက်တင်ဘာ ၁၅ရက်မှအောက်တိုဘာ ၁၅ရက်အထိ တစ်လကြာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအသင်းနှင့်ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၇)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၁

(၁၇)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို စက်တင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ လူငယ်အားကစားလေ့ကျင့်ရေးစခန်းရှိ ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် အမျိုးသားအသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသားအဖွဲ့လိုက် သုံးယောက်တွဲပြိုင်ပွဲ ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးအဖွဲ့လိုက် သုံးယောက်တွဲပြိုင်ပွဲနှင့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ကာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် စက်တင်ဘာ ၁၁

ဦးအောင်မျိုးမြင့်သည် စက်တင်ဘာ ၄ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်ဂေါက်အသင်း(တည်းကုန်း)၌ ကစားဖော်များဖြစ်ကြသော ဦးတင့်လွင်(K.U.K)၊ ဦးဝင်းနိုင်၊ ဦးမျိုးလှိုင်၊ ဦးကျော်မင်းတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် Nike No.(3) ဘောလုံးကို Nike Iron(9) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၇၅ ကိုက်အကွာရှိ ကျင်းအမှတ်(၁၅)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

တရုတ်နိုင်ငံ ချစ်ကြည်ရေးယဉ်ကျေးမှုအဖွဲ့ ရိုးရာတေးဂီတနှင့် အကများဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း၏ဖိတ်ကြားချက်အရ တရုတ်နိုင်ငံ ချစ်ကြည်ရေးယဉ်ကျေးမှုအဖွဲ့၏ ကပြဖျော်ဖြေပွဲကို စက်တင်ဘာ ၁၀ ရက် ည ၇ နာရီတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့် သံရုံးအဖွဲ့ဝင်များ၊ တရုတ်ကုန်သည်ကြီးများအသင်းမှ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်အားပေးကြသည်။

ပေးအပ်

အစီအစဉ်အရ တရုတ်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးကြီးစိန်နှင့် တရုတ်နိုင်ငံချစ်ကြည်ရေး ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်တို့က အမှာစကားပြောကြားကြပြီး တရုတ်နိုင်ငံချစ်ကြည်ရေးယဉ်ကျေးမှုအဖွဲ့မှ ရိုးရာတေးသီချင်း အဆို၊ အကများဖြင့် ကပြဖျော်ဖြေကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့က ဂုဏ်ပြုလက်ဆောင်ပန်းခြင်း ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီးတို့ တရုတ်နိုင်ငံချစ်ကြည်ရေးယဉ်ကျေးမှုအဖွဲ့၏ ကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုအိမ်ရာများ၌ သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပမည့်နေရာများ ဒုတိယဝန်ကြီး ဦးစိုးတင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၁

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် စက်တင်ဘာ ၁၀ရက် နံနက်ပိုင်းတွင် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ အခမ်းအနားပြင်ဆင်ရေး၊ ပြိုင်ပွဲကျင်းပမည့်နေရာများကို ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ ရုပ်သေးအကပြိုင်ပွဲနှင့် အရေးပြိုင်ပွဲများ ကျင်းပမည့်ခန်းမကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် နေပြည်တော်ရေဆင်းတက္ကသိုလ်များ နယ်မြေအတွင်း အိုးစည်၊ ဒိုးပတ်၊ ဒုံမင်း၊ နဲ့စသည့် အတီးပြိုင်ပွဲများကျင်းပမည့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ)၊ ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲနှင့် တယောပြိုင်ပွဲကျင်းပမည့် စိုက်ပျိုးရေးသုတေသန(သင်တန်းခန်းမ)ပတ္တလားအတီးပြိုင်ပွဲနှင့် ပြဇာတ်ပြိုင်ပွဲကျင်းပမည့် စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)၊ကွက်စိပ်ပြိုင်ပွဲ ကျင်းပမည့် စိုက်ပျိုးရေးတက္ကသိုလ် (ပတ္တမြားခန်းမ)၊ မဟာဂီတအဆိုပြိုင်ပွဲကျင်းပမည့် စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)၊ ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲနှင့် ဂီတာအတီးပြိုင်ပွဲကျင်းပမည့် စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)၊ စန္ဒရားနှင့်မယ်ဒလင်အတီးပြိုင်ပွဲ ကျင်းပမည့် သစ်တောတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)၊ ဆိုင်းအဖွဲ့လိုက်နှင့် စောင်းပြိုင်ပွဲများကျင်းပမည့် သစ်တောသုတေသနဌာန(စုဝေးခန်းမ)နှင့် အကပြိုင်ပွဲနှင့် ဇာတ်တော်ကြီးပြိုင်ပွဲများ ကျင်းပမည့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းများ ခမ်းခမ်းနားနားပြင်ဆင်ရန်၊ မြန်မာမှု အပြင်အဆင်များ ခံ့ခံ့ညားညား ဖြစ်ရန်တို့ကို မှာကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ နေထိုင်လျက်ရှိသော ပညာသိဒ္ဓိရပ်ကွက်ရှိ ခရေအိမ်ရာ၊ ဘောဂသိဒ္ဓိရပ်ကွက်ရှိ ပိတောက်အိမ်ရာနှင့်ဉာဏသိဒ္ဓိရပ်ကွက်ရှိ ဘူးကွဲအိမ်ရာများ၌ သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုနှင့် ဝန်ထမ်းအိမ်ရာများ စည်းကမ်းတကျရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သီးပင်စားပင်များ အောင်မြင်ဖြစ်ထွန်းရေးအတွက် ယခုထက် ပိုမိုဆက်လက်ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူးနှင့်အဖွဲ့ အထူးကုဆေးရုံ(မင်္ဂလာဒုံ)ကြည့်ရှုလေ့လာ

ရန်ကုန် စက်တင်ဘာ ၁၁

အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell နှင့်အဖွဲ့သည် ယနေ့နံနက် ၁၁နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အထူးကုဆေးရုံ (မင်္ဂလာဒုံ)သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ ဆေးရုံဧည့်ခန်းမဆောင်၌ နိုင်ငံခြားရေးဝန်ကြီးဌာန သုတေသန လေ့ကျင့်ရေးနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်၊ ကျန်းမာရေးဦးစီးဌာန ခုခံအားကျဆင်းမှုရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ဥမ္မာစံ၊ သမားတော်ကြီး ဒေါက်တာထင်အောင်စော၊ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများအားတွေ့ဆုံပြီး လူနာများ ဆေးကုသခံယူမှုအခြေအနေ၊ ဆေးရုံ၏ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များနှင့် သိရှိလိုသည်များကို မေးမြန်းသည်။

ယင်းနောက် Mr. Derek Mitchell နှင့်အဖွဲ့သည် အထူးကုဆေးရုံ (မင်္ဂလာဒုံ)အတွင်းလှည့်လည်ကြည့်ရှုကြသည်။

ကုသမှုခံယူ

အဆိုပါအထူးကုဆေးရုံ (မင်္ဂလာဒုံ)၌AIDSဝေဒနာရှင်စာဦးတက်ရောက်၍ ART ဆေးကျွေးကုသမှုခံယူလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell နှင့်အဖွဲ့ အထူးကုဆေးရုံ(မင်္ဂလာဒုံ)၌ ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် ဘားအံမြို့၌ တိုင်းရင်းဆေးရုံနှင့် ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၁

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် စက်တင်ဘာ ၉ ရက် နံနက် ၈ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ တိုင်းရင်းဆေးရုံသို့ရောက်ရှိပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လူနာဆောင်များ၊ ဆေးကုသရာဌာနများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ နံနက် ၉ နာရီတွင် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသော ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်(၇)မြို့နယ်တို့သို့ အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများ လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ဒုတိယဝန်ကြီးက ဘားအံမြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများသို့ ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုမြှင့်တင်နိုင်ရေးအတွက် အနောက်တိုင်းဆေးဝါးများနှင့်တိုင်းရင်းဆေးဝါးများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဘားအံမြို့ ပြည်နယ်ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံပြီး ပြင်ပလူနာဌာန၊ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် ဓာတ်ခွဲခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့သည်။

တိုက်တွန်းပြောကြား

ခရီးစဉ်အတွင်း ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံရာ၌ ဒုတိယဝန်ကြီးက မိမိတို့ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်ကျယ်ပြန့်အောင် မြှင့်တင်ရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်သွားကြရန်၊ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး တိုးတက်လာရုံသာမက ဆေးရုံများမှ နွေးထွေးပျူငှာသော ဝန်ဆောင်မှုများပေးခြင်းဖြင့် ပြည်သူလူထုက ပိုမိုအားကိုးယုံကြည်သောဆေးရုံများအဖြစ် ရေရှည်ရပ်တည်နိုင်ရေး ဆောင်ရွက်သွားကြရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် တာဝန်အပြင် စေတနာ၊ အနစ်နာ၊ ကရုဏာဖြင့် ပြုစုကုသပေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥပဒေဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၁

၁၉၈၂ ခုနှစ်မှ ၁၉၈၈ ခုနှစ် (၁၉၉၁ခုနှစ်)အထိ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန၌ ပညာသင်ကြားခဲ့သည့် ဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသည့် ၁၉၈၂ ခုနှစ်ဘွဲ့ရများသည် ဒေါ်တင်တင်ဝါ ဖုန်း-၀၉-၅၀၁၈၇၄၀၊ ဦးတင်ဝင်းလှိုင် ဖုန်း-၀၉-၅၁၁၃၈၃၃၊ ၁၉၈၃ ခုနှစ်ဘွဲ့ရများသည် ဒေါ်မင်းမင်းကျော် ဖုန်း-၀၉-၅၀၀၆၇၆၉၊ ဒေါ်စိုးညာဏ် ဖုန်း-၀၉-၇၃၀၉၇၇၅၁၊ ၁၉၈၄ ခုနှစ်ဘွဲ့ရများသည် ဒေါ်ကျော့မြခင် ဖုန်း-၀၉-၅၀၀၇၅၅၇၊ ဒေါ်နီလာစိန် ဖုန်း-၀၉-၅၀၁၃၃၃၈၊ ၁၉၈၅ခုနှစ် ဘွဲ့ရများသည် ဦးဘတင့်ဆွေ ဖုန်း-၀၁-၆၁၂၅၂၂၊ ဦးသိန်းလွင်ဦး ဖုန်း-၀၉-၇၃၁၅၂၁၈၈၊ ၁၉၈၆ ခုနှစ်ဘွဲ့ရများသည် ဒေါ်မေထွန်းထွန်းအေး ဖုန်း-၀၉-၅၅၀၅၆၈၉၊ ဒေါ်နှင်းနှင်းအေး ဖုန်း-၀၉-၅၀၈၆၄၈၈၊ ၁၉၈၇ ခုနှစ်ဘွဲ့ရများသည် ကိုခင်မောင်စိုး ဖုန်း-၀၉-၅၁၇၇၈၄၄၊ ဒေါ်သဇင်စိုး ဖုန်း-၀၉-၅၀၀၉၀၁၄၊ ၁၉၈၈ (၁၉၉၁)ခုနှစ်ဘွဲ့ရများသည် ကိုထိန်လင်းဦး ဖုန်း-၀၉-၈၀၂၃၉၃၅နှင့် ဒေါ်ခင်ဆွေဦး ဖုန်း-၀၉-၇၃၀၁၆၂၉၂ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၉-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော် + ရတနသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **သန္တာဦးဆရာတော်ဘဒ္ဒန္တဝဏ္ဏသာမိ** ဟောကြားတော်မူသော တော်သလင်းလပြည့် (ဂုရုဓမ္မအခါတော်နေ့) တရားတော်
- ၆:၃၀ ဖူးမြော်စေချင်… ထားဝယ်မြို့မှ ရှင်ကိုးရှင်
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၂၄)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၆၆)
- ၈:၅၀ စေတနာအခြေခံ တောင်ကြီးမြို့ရဲ့ မြတ်ဆုနိဗ္ဗာန်
- ၉:၀၅ ကြည်နူးပီတိဖြစ်ဖွယ်ရာ ထီးဆောင်းရွာမှ ဓမ္မစကြာ
- ၉:၁၅ မန္တလေးမြို့မှ တိတ်ဆိတ်ခြင်း၏ ခွန်အားသစ်များ
- ၉:၃၅ MRTV-4 ကျန်းမာရေးကဏ္ဍ (ပန်းလှိုင်ဆေးရုံ၏ အရိုး၊ အကြော၊ အဆစ်ကုသမှုများ)
- ၁၀:၁၅ A Journey to the Korea (Part-6)
- ၁၀:၃၅ The Champion of Dance
- ၁၁:၀၅ Celebrity Choice (Lလွန်းဝါ)
- ၁၁:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၀ မြတ်နိုးဖွယ်ရာ မြန်မာကဗျာ (နာဂတောင်တန်းပွင့်တဲ့ပန်း)
- ၁၂:၂၅ ဗုဒ္ဓဂယာဘုရားဖူးများအတွက် သိကောင်းစရာများ (အပိုင်း-၁)
- ၁:၀၀ **သန္တာဦးဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ** ဟောကြားတော်မူသော တော်သလင်းလပြည့် (ဂုရုဓမ္မအခါတော်နေ့) တရားတော်
- ၁:၄၅ ဆည်းကပ်တိုင်းအကျိုးစုံသည် တန်ခိုးဂုဏ်ကြီးမြတ်လှတဲ့ မဟာသွံ့သာရ ရုပ်ရှင်တော်မြတ်
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Activities in the City (HR Management & Training Journal) နှစ်ပတ်လည်အခမ်းအနား
- ၂:၄၀ အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ **အသည်းတံခါးများ ဟစိဟစိ**
- ၃:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၂၄)
- ၄:၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၆၆)
- ၄:၅၅ ဆန္ဒပြည့်ဝ….ဖူးကြမသွေ နှစ်ဆန်းဗုဒ္ဓေ
- ၅:၁၅ ပေါင်းတည်မြို့နယ်အသင်း (ရန်ကုန်)၏ ဂုဏ်ပြုဆုများချီးမြှင့်ပွဲ
- ၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Sunday Talk (တေးရေး-မြင့်မိုးအောင်၊ မျိုးမြတ်သူ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း -၁၂၅)
- ၇:၃၅ ဗီဒီယိုပြခန်း
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း (ကော်ပီသီချင်းဆိုတာကောင်းတယ်၊ ကော်ပီသီချင်းမဆိုတာကောင်းတယ်)
- ၉:၃၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၆၇)
- ၁၀:၁၀ အနုပညာမိုးကောင်းကင်
- ၁၀:၃၀ ကလေးများအတွက်ပါးစပ်ထဲမှ သွားကလေးများအကြောင်း သိကောင်းစရာ (ဒေါက်တာမိုလာ)
- ၁၀:၄၅ International Show Biz
- ၁၁:၀၀ မြေကြီးကရွှေသီးဖို့ ရေထိန်းသဘာဝဂျယ်ကိုသုံးကြစို့
- ၁၁:၁၀ ဈေးဝယ်လမ်းညွှန် (His & Her)
- ၁၁:၄၅ အဆီအနှစ်ပြည့်ဝသော သဘာဝအရသာ နန်းဝေနို့မှုန့်မှာ
- ၁၂:၀၀ နယဉ်ဆန်းထွင်ပန်းအလှဆင် (ပန်းဘောလုံးပြုလုပ်နည်း)
- ၁၂:၂၀ အလှတွင်အယဉ်ဆင့် ထူးခြားတဲ့ချိတ်အဆင်
- ၁၂:၃၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (အိမ်အလှဆင်ပစ္စည်းများပြုလုပ်ပုံ)
- ၁၂:၄၅ Shooting Location (ဦးမောင်မောင်ကြီးအိမ်)
- ၁:၂၅ **Barclays Premier League QPR Vs Newcastle**
- ၃:၁၅ လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
- ၃:၄၀ ငွေဆောင်ခရီးစဉ်မှသည် ဘဝအတွက်ခွန်အားသစ်များ မွေးဖွားခြင်း
- ၄:၁၅ ဇီဝိတဒါနသွေးလှူဖို့ **သွေးအားပြည့်အောင်နေကြစို့** ငှက်ပျောကြော်၊ ချစ်သုဝေ၊ မိုးယုစံ၊ မီးမီးသုခ [ဒါရိုက်တာ-ကိုရွှေမိုးသက်]
- ၄:၂၀ စကားဝါမြေ၏ အိုအေစစ် (Popa Mountain Resort)
- ၄:၄၀ လှပဆန်းကြယ် မြန်မာ့ရွှေချည်ထည်
- ၄:၅၀ ဖူးမြော်ကြည်ညိုဖွယ်ရာ စစ်ကိုင်းမြို့မှ တန်ခိုးကြီးစေတီများ
- ၅:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Preimer League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၂၅	QPR - Newcastle	(ESPN) (MRTV-4) (Live)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

GSM မိုဘိုင်းစခန်းသစ် ပန္နက်တင်မင်္ဂလာအခမ်းအနား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၁

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် စက်တင်ဘာ ၁၀ ရက် နံနက် ၁၁ နာရီ ၂၅ မိနစ်က စစ်တွေမြို့ ဘောင်းဒွတ်သားစုရပ်ကွက် ဝက်ဘာကွင်းအနီး၌ ရခိုင်ပြည်နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ IGE ကုမ္ပဏီတို့ပူးပေါင်းကျင်းပသည့် GSM မိုဘိုင်းလိုင်း (၄)သန်း တိုးချဲ့ခြင်းစီမံကိန်းအရ စစ်တွေမြို့ GSM မိုဘိုင်းစခန်းသစ် အဆောက်အအုံပန္နက်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ပန္နက်တင်ပေး

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာနဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ IGE ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာတို့က စခန်းသစ်အဆောက်အအုံအတွက် သတ်မှတ်နေရာအသီးသီး၌ ပန္နက်တင်ပေးကြသည်။

သုံးစွဲနိုင်

ရခိုင်ပြည်နယ်တွင် လက်ရှိတယ်လီဖုန်း Density မှာ ၁ ဒသမ ၀၉ ရာခိုင်နှုန်းဖြစ်ပြီး ယခု GSM မိုဘိုင်းလိုင်း (၄)သန်း တိုးချဲ့ခြင်းစီမံကိန်းအရ ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၆ မြို့နယ်၌ တိုးချဲ့စခန်းသစ် ၄၉ ခု တည်ဆောက်လျက် လိုင်းအင်အား ၁၄၂၀၀၀ တိုးချဲ့တပ်ဆင်ပြီးပါက တယ်လီဖုန်း Density မှာ ၅ ဒသမ ၈၂ ရာခိုင်နှုန်း ရှိလာမည်ဖြစ်ကြောင်းနှင့် ပြည်နယ်အတွင်း တယ်လီဖုန်းသုံးစွဲမှုမှာ လူ ၁၀၀ လျှင် ၆ ဦးခန့်အထိ သုံးစွဲလာနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သာသနာ့နုဂ္ဂဟအသင်း ဆိုင်းဘုတ်တင်

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ် (၃၇)ရပ်ကွက် သာသနာ့နုဂ္ဂဟအသင်း ဆိုင်းဘုတ်တင်မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက သာသနာ့ရက္ခိတဓမ္မာရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်(၁) ဦးထွန်းလွင်၊ မဲဆန္ဒနယ်(၂) ဦးဇော်လင်း၊ မြို့နယ်သာသနာ့နုဂ္ဂဟအသင်း အလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင် ဦးမောင်မောင်လှ၊ အမှတ်(၃၇)ရပ်ကွက် သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးစံထွေး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသက်နိုင် **(အပေါ်ပုံ)** တို့က နမောတဿသုံးကြိမ်ရွတ်ဆိုကာ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် နံ့သာရည်များပက်ဖျန်းပေးခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ပညာရည်ချွန်ဆုပေးပွဲနှင့် အလှူငွေပေးအပ်ပွဲ ဟသ်ာတမြို့နယ်၌ ကျင်းပ

ဟသ်ာတ စက်တင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့ ပဲကြီးကျွန်းကျေးရွာ တွဲဖက်အထကကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ကျောင်းအလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၁ ရက် နံနက် ၁၁ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ပဲကြီးကျွန်း တွဲဖက်အထကကျောင်းအတွက် အလှူရှင် ဦးထွန်းဝေမိသားစုက ငွေကျပ်ငါးသိန်း၊ ဦးကျော်သန်းမိသားစုက ငွေကျပ် ရှစ်သိန်း၊ အိပ်ပျက်အင်းသားကြီး ဦးစံဝင်း (လူမှုထူးချွန်တတိယ)က ကွန်ပျူတာ တစ်စုံအတွက် အလှူငွေကျပ်ခြောက်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဦးစန်းလွင်က လက်ခံယူသည်။ **(အောက်ပုံ)** ဆက်လက်ပြီး အလှူရှင်ဦးသန်းနွဲ့မိသားစုက ငွေကျပ် သုံးသိန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းမင်းနှင့်အဖွဲ့က ငွေကျပ် တစ်သိန်း လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်များက လက်ခံယူကြသည်။

ဆုများချီးမြှင့်

ဆက်လက်ပြီးဆုချီးမြှင့်ပွဲကို ကျင်းပရာ ပထမ၊ ဒုတိယ၊ တတိယအတန်းလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ (၀၇၅)

ကြံခင်း အထက မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ကြံခင်း စက်တင်ဘာ ၁၁

ကြံခင်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်းများ၏ အဠမအကြိမ် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၁၁ ရက် (အင်္ဂါနေ့)နံနက် ၈ နာရီတွင် ကြံခင်းအထက အောင်ကျော်ခန်းမ၌ ကန်တော့ခံဆရာ ဆရာမကြီး ၈၂ ဦးအား ပူဇော်ကန်တော့မည်ဖြစ်ရာ အလှူငွေထည့်ဝင်လိုသူများနှင့် လိုက်ပါလိုသူများသည် ဦးစိန်ငွေး ဖုန်း-၀၁-၆၆၃၄၈၉၊ ၀၉-၅၁၃၂၁၅၈၊ ဒေါ်အေးအေးညွန့် ဖုန်း-၀၁-၆၄၆၅၇၁၊ ဦးတင်လှ ဖုန်း-၀၄၄ -၅၀၃၉၇ နှင့် ဒေါ်ယဉ်ယဉ်နု ဖုန်း-၀၄၄- ၅၀၃၂၁ တို့ထံ ဆက်သွယ်အကြောင်းကြားလှူဒါန်းနိုင်ပြီး ကြံခင်းမြို့သို့ အောက်တိုဘာ ၉ ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် ပြည်လမ်း ၁၀ မိုင်မှ မော်တော်ယာဉ်ထွက်ခွာမည်ဖြစ်ကြောင်း သိရှိရသည်။ *(မြန်မာ့အလင်း)*

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ခင်ဦးမြို့နယ်၌ ပညာပေးဟောပြော

ခင်ဦး စက်တင်ဘာ ၁၁

ရွှေဘိုခရိုင် ခင်ဦးမြို့နယ်သစ်တောဦးစီးဌာနက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ်မှ အထောက်အကူပြုလုပ်ငန်း တစ်ရပ်ဖြစ်သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာပညာပေးဟောပြောပွဲကို ဩဂုတ် ၂၈ ရက် ညနေ ၄ နာရီက မြေနီသျှိုကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ကျေးရွာပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျေးရွာအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှ နယ်မြေတာဝန်ခံ တောအုပ် ဦးသက်ညဏ်ဦးက သစ်တောသစ်ပင်များ ထိန်းသိမ်းကာကွယ်ရေး၊ ဝင်ငွေလည်းရ အရိပ်လည်းရသည့် သီးပင်စားပင်များ စိုက်ပျိုးရေးနှင့် ကျေးလက်ထင်းစိုက်ခင်း၊ သီးနှံသစ်တောရောနှောစိုက်ခင်း၊ ကျေးရွာပိုင် ဝါးစိုက်ခင်းများ စိုက်ပျိုးထူထောင်ရေးတို့ကို ပညာပေးစည်းရုံး ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်သစ်တောဦးစီး)

လားရှိုးမြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်း(လီမိတက်) အရပ်ရပ်ဆိုင်ရာ စည်းဝေး

လားရှိုး စက်တင်ဘာ ၁၁

လားရှိုးမြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း(လီမိတက်)၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီခွဲက လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ သဘာပတိ အသင်းဥက္ကဋ္ဌ ဦးစိုင်းကျော်ဝင်း၊ ပြည်နယ်သမဝါယမဦးစီးဌာန မြောက်ပိုင်းရုံးခွဲ တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် အမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ အသင်းသား စာရင်းစစ်အဖွဲ့တို့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားတင်သွင်း အတည်ပြုချက် ရယူကြသည်။

ထို့နောက် လားရှိုးပြည်သူ့ဆေးရုံကြီး ဆေးပဒေသာပင်နှင့် မြို့နယ်ပညာရေးမှူးရုံး ပညာရေးပဒေသာပင်တို့အတွက် တစ်ဌာနလျှင် ငွေကျပ် နှစ်သိန်းစီ စိုက်ထူလှူဒါန်းကြကြောင်း သိရှိရသည်။ (၄၀၁)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မြဝတီရုပ်မြင်သံကြား

၁၂-၉-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၂၀	၅။	ဓမ္မပူဇာတေး
၇း၂၅	၆။	မျိုးချစ်တပ်မတော်
၇း၃၀	၇။	မြန်မာ့ရှုခင်း
၇း၃၅	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၃။	ပညာပေးဇာတ်လမ်းတို
၈း၂၅	၁၄။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၁	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၂	၃။	နိုင်ငံတော်သီချင်း
၄း၀၅	၄။	အဖွင့်သီချင်း
၄း၁၀	၅။	မျိုးချစ်တပ်မတော်
၄း၁၅	၆။	စိုက်ပျိုးသုတ
၄း၂၅	၇။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅	၈။	ဗွီစီဒီကျော်ကြားတေး
၄း၅၀	၉။	သန့်စွာကိုင်လေ စက္ကူငွေ
၅း၀၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်** (အပိုင်း-၃၅)
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၄။	သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘဝရဲ့တမ်းတခြင်း** (အပိုင်း-၂၄) ဇာတ်သိမ်း
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ဒို့တာဝန်အရေး(၃)ပါး
	၁၉။	နိုင်ငံတကာသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	Talk of the Town
	၂၂။	မေးမြန်းစူးစမ်း
	၂၃။	သီဆိုဖြေဖျော် တစ်ကိုယ်တော်
	၂၄။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း -၄၉)
	၂၆။	**Mini Series**

ဝတ်စုံထောက်ပံ့

ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၂ ရက်က ဝန်ထမ်းများအား ဝတ်စုံထောက်ပံ့ပေးအပ်ပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဦးက ဝန်ထမ်း ၇၈ဦးအတွက် ဝတ်စုံ ၇၈ စုံ ပေးအပ်စဉ်။ (မြို့နယ် ထွေ/အုပ်)

တိရစ္ဆာန်ကျန်းမာရေးလုပ်သား သင်တန်းဖွင့်

သာစည် စက်တင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသော အခြေခံတိရစ္ဆာန်ကျန်းမာရေးလုပ်သား (ကြက်ခြေပြာ) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၅ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပေါက်ကျော်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ထို့နောက် တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာလှမြင့်နှင့် ဒုတိယဦးစီးမှူးများက မွေးမြူရေးနှင့်ကုသရေးဆိုင်ရာ အချက်အလက်များကို သင်တန်းပို့ချကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၃ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကျင်းပရာ ထန်းတပင်မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်စိန်လင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ဥပဒေဆိုင်ရာများ ရှင်းလင်းဟောပြောစဉ်။ (၀၄၈)

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်
မူလတန်းကျောင်းဆောင်သစ်ဆိုင်းဘုတ် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

နေပြည်တော် စက်တင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ကန်ကြီးထောင့်မြို့နယ် တံတားကြီးကျေးရွာ အစိုးရမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့တက်ရောက်ရာ ကန်ကြီးထောင့်မြို့နယ် လွှတ်တော် ကိုယ်စားလှယ် ဦးချစ်လွင်၊ ကန်ကြီးထောင့်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တံတားကြီးကျေးရွာ အမှတ် (၁၂၃) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်သည်။

လွှဲပြောင်းပေးအပ်

အဆိုပါကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဦးစန်းမောင်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကျောင်းဆောင်ဆောက်လုပ်ရေးကော်မတီအတွင်းရေးမှူးက မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ပညာရေးငွေပဒေသာပင် ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ကျင်းပရာ ကန်ကြီးထောင့်မြို့ မာန်ကြီးကြီး ဆန်စက်လုပ်ငန်းရှင် ဦးတင့်လွင်မိသားစုက အလှူငွေကျပ် ငါးသိန်း၊ ဦးကျော်လွင် ပညာရေးကောလိပ်ကျောင်းအုပ်ဆရာကြီး (ငြိမ်း)က ဗလာစာအုပ်နှင့် ကျောင်းဝတ်စုံများ၊ ကန်ကြီးထောင့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောမူက ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ငွေကျပ်ခြောက်သိန်းတန်ဖိုးရှိကျောင်းသုံးစာသင်ခုံများနှင့် ရောကြံခင်းဆောက်လုပ်ရေး ကုမ္ပဏီဉက္ကဋ္ဌ ဦးကိုကိုအေးက အလှူငွေကျပ်ခုနစ်သိန်းငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး ဝန်ကြီးများက လက်ခံကြသည်။

တပ်ဆင်ပေး

ယင်းနောက် ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ခြင်းနှင့် မျက်မှန်လှူဒါန်းခြင်း ဆောင်ရွက်ပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုပြီး မျက်စိဝေဒနာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မျက်စိဝေဒနာခွဲစိတ်ကုသမှုခံယူထားသော လူနာများအား နေကာမျက်မှန်များကို တပ်ဆင်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခွန်ဆိုင်ရာ သိကောင်းစရာများ ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၉ ရက်က သဃ်္ဃန်းကျွန်းမြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် အခွန်ဦးစီးဌာနမှူး ဦးဆန်းဝင်းက အခွန်ဆိုင်ရာများ ဆွေးနွေးဟောပြောစဉ်။ (၀၂၅)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးဟောပြော

ငပုတော စက်တင်ဘာ ၁၁

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ဟောပြောဆွေးနွေးပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက ငပုတောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပုသိမ်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိန်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဦးစိုးသိန်းနှင့် ငပုတောမြို့နယ် ခေတ္တအုပ်ချုပ်ရေးမှူး ဦးအောင်ထိုက်တို့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးဟောပြောကြသည်။

ထို့နောက် ပုသိမ်ခရိုင်သစ်တောဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိန်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆင်းရဲမှုလျှော့နည်း ပပျောက်ရေးအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

လပွတ္တာ စက်တင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ပြင်စလူမြို့နယ်ခွဲ ကွကွလေးကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ကဏန်းထောင် ရေလုပ်သားအစုအဖွဲ့သို့ ကဏန်းထောင်မြှုံးများ ထောက်ပံ့ခြင်း၊ ရေသယံဇာတထိန်းသိမ်းရေးရုပ်ပုံနှင့် စာတန်းများပါသည့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၂၁ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ပေးအပ်

အဆိုပါ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးကျော်မင်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး ကျောင်းသား ကျောင်းသူများနှင့် ရေလုပ်သားများအား ရှင်းလင်းဟောပြောသည်။ ထို့နောက် ကျောင်းသား ကျောင်းသူ ၈၄ ဦးအား ကျောင်းသုံး ဗလာစာအုပ် ၁၇ ဒါဇင်၊ ကွကွလေးကျေးရွာ ကဏန်းထောင် ရေလုပ်သားအစုအဖွဲ့ဝင် ၂၈ ဦးအတွက် လပွတ္တာမြို့ ကဏန်းအဝယ်ဒိုင် လုပ်ငန်းရှင်များအစုအဖွဲ့က ထောက်ပံ့သည့် ကဏန်းထောင်မြှုံးအလုံး ၆၀၀ ကို တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန)

မြင်းခြံ၌ ငါးသယံဇာတတိုးပွားရေး ကျေးရွာရေကန်များအတွင်း ငါးမျိုးစိုက်ထည့်

မြင်းခြံ စက်တင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်၌ ငါးသယံဇာတတိုးပွားရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းအနေဖြင့် တစ်ပိုင်တစ်နိုင်ကျေးရွာငါးမွေးမြူရေးကန်များအတွင်းသို့ ငါးသားပေါက်များ မျိုးစိုက်ထည့်ပေးခြင်း အခမ်းအနားကို စက်တင်ဘာ ၉ ရက်က ကျင်းပခဲ့သည်။

ငါးမျိုးစိုက်ထည့်

ငါးမျိုးစိုက်ထည့်ပွဲတွင် မြင်းခြံမြို့နယ်အတွင်းရှိ တပ်ရွာကန်နှင့် ကုက္ကဲကျေးရွာကန်၊ နွားထိုးကြီးမြို့နယ်အတွင်းရှိ ဝက်လူးကန်နှင့် ထနောင်းပင်လဲကျေးရွာကန်များအတွင်းသို့ ငါးမြစ်ချင်း ၃၀၀၀၀၊ ငါးခုံးမကြီး ၁၀၀၀၀နှင့် တီလားပီးယား ၁၂၀၀ ကို သက်ဆိုင်ရာ ကျေးရွာရေကန်များအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။ (ဝဲပုံ)

(ခရိုင် ပြန်/ဆက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲ စဉ့်ကိုင်မြို့နယ်တွင်ကျင်းပ

စဉ့်ကိုင် စက်တင်ဘာ ၁၁

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာပညာပေးဟောပြောပွဲကို ဩဂုတ်၃၀ ရက် မွန်းလွဲ ၁ နာရီက စဉ့်ကိုင်မြို့နယ် ကျောက်ဆည်တက္ကသိုလ်၌ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာမြင့်လွင်က အမှာစကားပြောကြားပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ကျောက်ဆည်ခရိုင်ဦးစီးအရာရှိ ဒေါ်စန်းစန်းမြင့် **(အပေါ်ပုံ)** က မော်တော်ယာဉ်များ အသုံးပြုရာတွင် ယာဉ်မတော်တဆမှုလျှော့နည်းရေးအတွက် လိုက်နာရမည့်စည်းကမ်းချက်များ၊ လမ်းညွှန်လမ်းအမှတ်အသားအချက်ပြများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပညာပေးဆွေးနွေးသည်။ ဆက်လက်၍ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးမှူးဦးစည်သူထွဏ်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ စဉ့်ကိုင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ မြို့နယ်မှူး ဒုတိယရဲမှူးလှမြင့်က ယာဉ်မတော်တဆဖြစ်မှုကြောင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း ရှင်းလင်းပြောကြားပြီးနောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လက်ကမ်းစာစောင်များ ဝေငှခဲ့ကြကြောင်း သိရှိရသည်။ (၄၁၁)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၁

မြင်းကကုန်း ပညာအလင်းစာကြည့်တိုက် ထာဝရငွေပဒေသာပင်နှင့် စာအုပ်စာစောင်လှူဒါန်းပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မြင်းကကုန်း ပညာအလင်းစာကြည့်တိုက်၏ တတိယအကြိမ် ထာဝရငွေပဒေသာပင်နှင့် စာအုပ်စာစောင် လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက မြင်းကကုန်းကျေးရွာ ပညာအလင်းစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ဖျာပုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးစန်းဝင်းက စာကြည့်တိုက်ရေရှည် တည်တံ့ခိုင်မြဲရေး ဆွေးနွေးပြောကြားသည်။

လက်ခံယူ

ထို့နောက် တတိယအကြိမ် ထာဝရငွေပဒေသာပင်စိုက်ထူပွဲနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဆရာဝန်၊ သူနာပြုများက လှူဒါန်းငွေ ကျပ် ၁၀သိန်း၊ ဒေါက်တာသက်တင်နှင့် ဒေါက်တာတင်မေဦး မိသားစုရန်ကုန်မြို့မှ ငွေကျပ်တစ်သိန်း၊ ဒေါက်တာဌေးဝင်း -ဒေါ်ခိုင်ခိုင်မော်မိသားစုရန်ကုန်မြို့မှ ငွေကျပ်တစ်သိန်း၊ ဦးလိမ္မော်-ဒေါ်မာမာကြည်မိသားစု ရန်ကုန်မြို့မှ ငွေကျပ်တစ်သိန်း စုစုပေါင်း လှူဒါန်းငွေကျပ် ၁၃ သိန်းကို အလှူရှင်များကိုယ်စား စာကြည့်တိုက်ကော်မတီ ဘဏ္ဍာရေးမှူး ဦးတင်မောင်က ပေးအပ်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိက လက်ခံယူပြီး သုတ၊ ရသ စာအုပ်စာစောင် ၂၀၀ကို အလှူရှင်များကိုယ်စား ဦးကျော်လွင်ကပေးအပ်လှူဒါန်းရာ စာကြည့် တိုက်ကြီးကြပ်မှု ကော်မတီနာယက ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်စိုးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်ရှင်သန်ခိုင်မာရေး ဟောပြော

ပြည်သူများ၏ လူမှုစီးပွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၆၅)ရပ်ကွက် TOSTA အိမ်ရာ စာကြည့်တိုက်ဆိုင်းဘုတ်အသစ်တင်ပွဲနှင့်ဟောပြောပွဲကို စက်တင်ဘာ ၅ ရက်က သုတအလင်းအိမ်စာကြည့်တိုက်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်မြိုင်ကအမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ် *(အပေါ်ပုံ)*က ***လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း နယ်ပယ်ခြောက်ရပ်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ စာကြည့်တိုက်ရှင်သန် ခိုင်မာဖွံ့ဖြိုးတိုးတက်ရေးကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရသည်။***

(မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ဆက်သွယ်လှူဒါန်းနိုင်သည်။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ပြည်ထောင်စုရိပ်မွန်၊
စိန်ပန်းလမ်း၊ အမှတ် ၁၂ နေ
ဦးစိန်လှိုင် (Local Representative China CAMC Engineering Co.,Ltd.),(MD-Myanmar Padomar Trading Co.,Ltd. and MD-Myanmar Padomar Travel and Tour Co.,Ltd.)-
ဒေါ်မော်မမည္ွန့်(စိန်မြန်မာပုံနှိပ်တိုက်)တို့၏သား
ဦးဖော်ဝုန်ဘရာန်-ဒေါ်ဆွမ်လွတ်မေရီတို့၏ ကိတ္တိမသား
မောင်သိန်းအုပ်(ခ)ဖော်ဝုန်ခမ်းမြတ် B.Sc (Zool)
Dip in Audio Engineering (S.A.E International College)
နှင့်
မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရိပ်သာလမ်း၊ အမှတ်(၁၅၅)နေ
[ဗိုလ်မှူးကြီးအယ်(လ်)ခွန်နောင်(ငြိမ်း)-ဒေါ်လထော်ဝလာနန်ဆိုင်]တို့၏မြေး
(ဦးလဖိုင်ခွန်အောင်)-ဒေါက်တာဘောဘီမီနန်ဆိုင်းရော်တို့၏ သမီးထွေး
မလဖိုင်ထုဆိုင်း B.A(Eng)
G.C.E " A" Level (K.B.U International College)
တို့ကို ၁၀-၉-၂၀၁၁ရက် နံနက်ပိုင်းတွင် လက်ထပ်ပေးသော ဖမာန္ဓေလမှဆရာတော်ကြီး၊ ဆရာတော်များနှင့် ညနေ Central Hotel သို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့ကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်သိန်းအုပ်(ခ)ဖော်ဝုန်ခမ်းမြတ်-မလဖိုင်ထုဆိုင်း

ပျောက်ဆုံးကြောင်း

ကျွန်တော် ညီမင်းလတ် (C.D. C.70186) ၏ SSA,PSCRB, EDH, 4TK,TF လက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၂၉၆၆၂၉**

ပျောက်ဆုံးကြောင်း

မောင်အောင်ငွေး၏ နိုင်ငံကူးလက်မှတ် M-110207 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၇၀၅၂၀၈

ဖခင်အမည်မှန်

ရွှေပြည်သာ၊ အထက-၁၊ တက္ကသိုလ်ဝင်တန်း(M)မှ မောင်အောင်မျိုးဝင်း၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်း ၁၂/ဒလန(နိုင်)၀၃၀၆၈၁ ဖြစ်ပါကြောင်း။
ဦးသန်းဝင်း
၁၂/ဒလန(နိုင်)၀၃၀၆၈၁

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အထက-၂၆၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဇင်ကိုသက်၏ ဖခင်အမည်မှန်မှာ ဦးမောင်မုန်း ဖြစ်ပါသည်။

နိုင်ငံတကာအားကစားသတင်းများ

❐ ကျော်ဖုံးမှ

ယူ-၁၆ တောင်အာရှချန်ပီယံ ပါကစ္စတန်အသင်း ခြေစစ်ပွဲများကစားမည်

အစ္စလမ္မာဘတ် စက်တင်ဘာ ၁၁

အသက် ၁၆ နှစ်အောက် တောင်အာရှချန်ပီယံ ပါကစ္စတန်လူငယ်ဘောလုံးအသင်းဟာ ကူဝိတ်နိုင်ငံမှာကျင်းပမယ့် အသက် ၁၆ နှစ်အောက် အာရှဘောလုံးအဖွဲ့ချုပ် ဖလားပြိုင်ပွဲ ခြေစစ်ပွဲတွေကို ဆင်နွှဲဖို့ စက်တင်ဘာ ၁၀ရက်က ကူဝိတ်နိုင်ငံကို ထွက်ခွာသွားပြီဖြစ်ပါတယ်။ **(အောက်ပုံ)**

အသင်းခေါင်းဆောင် မူနီရာအက်ဖ်တက် ပါဝင်တဲ့ ပါကစ္စတန်ဘောလုံးအသင်းဟာ ကူဝိတ်နိုင်ငံမှာ စက်တင်ဘာ ၁၂ ရက်မှ ၂၂ ရက်အထိ ခြေစစ်ပွဲ ငါးပွဲကစားရမှာဖြစ်ပါ တယ်။ စက်တင်ဘာ ၁၂ ရက်မှာ မော်လဒိုက်၊ စက်တင်ဘာ ၁၄ ရက်မှာ ကူဝိတ်၊ စက်တင်ဘာ ၁၇ ရက်မှာ ယူအေအီး၊ စက်တင်ဘာ ၁၉ ရက်မှာ အာဖဂန်နစ္စတန်၊ စက်တင်ဘာ ၂၂ ရက်မှာ ယီမင်အသင်းတို့နဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

အာရှအရှေ့ဇုန်နဲ့ အာရှအနောက်ဇုန်ဆိုပြီး ခွဲခြားထားတာဖြစ်ပြီး အာရှအနောက်ဇုန်မှာ ၂၂ သင်း၊ အာရှ အရှေ့ဇုန်မှာ ၁၇ သင်း ပါဝင်ကာ စုစုပေါင်း ၃၉သင်းကို အုပ်စု ခုနစ်ခုခွဲပြီး ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။ **(အင်တာနက်)**

ယူအက်စ်အိုးပင်းဗိုလ်လုပွဲ ဆီရီနာနှင့် ဆူရာ၊ နာဒယ်နှင့် ဒီဂျိုကိုဗစ်တို့ နွဲကြမည်

နယူးယောက် စက်တင်ဘာ ၁၁

နယူးယောက်မြို့၌ ကျင်းပလျက်ရှိသော ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၁၁ရက်တွင် ဆက်လက်ကျင်းပရာ အမျိုးသမီးတစ်ဦးချင်း အကြိုဗိုလ်လုပွဲတွင် ဆီရီနာဝီလျံ **(အပေါ်ပုံ)**က ဒိန်းမတ်တင်းနစ်မယ် ဝေါ့ဇ်နီယာစကီအား ၆-၂၊ ၆-၄ ဖြင့် အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်သွားပြီဖြစ်သည်။

ဆီရီနာဝီလျံသည် ဗိုလ်လုပွဲ၌ ဩစတြေးလျတင်းနစ်မယ် ဆမ်စတိုဆူရာနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဆမ်စတိုဆူရာသည် အကြိုဗိုလ်လုပွဲ၌ ဂျာမနီတင်းနစ်မယ်ကာဘာအား ၆-၃၊ ၂-၆၊ ၆-၂ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဆမ်စတိုဆူရာသည် ၁၉၇၇ ခုနှစ်နောက်ပိုင်း ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲသို့ ပထမဆုံးတက်ရောက်လာနိုင်သည့် ဩစတြေးလျတင်းနစ်မယ်တစ်ဦးဖြစ်လာခဲ့သည်။

တစ်ဖန် အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် ရာဖေးလ်နာဒယ်က အင်ဒီမာရေးအား ၆-၄၊ ၆-၂၊ ၃-၆၊ ၆-၃ ဖြင့် အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ နာဒယ်သည်ဗိုလ်လုပွဲ၌ ဒီဂျိုကိုဗစ်နှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ **(အင်တာနက်)**

တတိယအကြိမ်မြောက် သွေးရောဂါပညာရပ်ဆိုင်ရာ ညီလာခံကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံဆရာဝန်အသင်း သွေးရောဂါပညာအဖွဲ့ကကြီးမှူး၍ တတိယအကြိမ် သွေးရောဂါပညာရပ်ဆိုင်ရာညီလာခံကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ အောက်တိုဘာ ၁ ရက်နှင့် ၂ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

ထိုညီလာခံတွင် ပြည်တွင်းပြည်ပမှ သွေးရောဂါပညာရှင်များက သွေးအားနည်းရောဂါများ၊ သွေးကင်ဆာရောဂါများ၊ ရိုးတွင်းခြင်ဆီအစားထိုးကုသခြင်း၊ သွေးခဲလွယ်ရောဂါစသည်တို့နှင့်ပတ်သက်၍ ဆွေးနွေးဟောပြောကြမည်ဖြစ်သည်။ အဆိုပါ ညီလာခံသို့တက်ရောက်နိုင်ရန်အတွက် စက်တင်ဘာ ၂၁၊ ၂၂ နှင့် ၂၃ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါအထူးကုဌာန၌ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(ဆရာဝန်အသင်း)**

နိုင်ငံတကာဂီတ

မြင့်မောင်စိုး – စုစည်းရေးသားသည်

မာကျူရီတေးဂီတဆု အဆိုတော်ဟာဗေး ဆွတ်ခူး

လန်ဒန် စက်တင်ဘာ ၁၁

အင်္ဂလိပ်အဆိုတော် ပီဂျေဟာဗေး **(အပေါ်ပုံ)** (PJ Harvey) ဟာ သူမရဲ့ Let England Shake လို့ အမည်ရတဲ့ တေးအယ်လ်ဘမ်နဲ့ ယခုနှစ်အတွက် မာကျူရီတေးဂီတဆု (Mercury Prize) ကို မကြာမီက ဆွတ်ခူးရရှိသွားခဲ့ပါတယ်။ သူမဟာ ဒီမာကျူရီတေးဂီတဆုကို ဒုတိယအကြိမ်ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ပါတယ်။

ဆုချီးမြှင့်

အဆိုတော် ဟာဗေးဟာ ဒီမာကျူရီတေးဂီတဆုကို ၂၀၀၁ ခုနှစ်ကလည်း ဆွတ်ခူးနိုင်ခဲ့ပါတယ်။ အသက် ၄၁ နှစ် ရှိပြီဖြစ်တဲ့ ဟာဗေးဟာ ၂၀၀၁ ခုနှစ် စက်တင်ဘာလက Stories From the City တေးအယ်လ်ဘမ်နဲ့ အကောင်းဆုံးမာကျူရီတေးဂီတဆုကို ရရှိခဲ့သူဖြစ်ပါတယ်။ သူမဟာ ကမ္ဘာကျော်အဆိုတော်များဖြစ်ကြတဲ့ အဒေလီ၊ ကေတီဘီ၊ အဲဘိုးစတဲ့အဆိုတော်တွေကို ကျော်ဖြတ်ပြီး ယခုနှစ်အတွက် အကောင်းဆုံးတေးအယ်လ်ဘမ်ဆုနဲ့ မာကျူရီဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်ပါတယ်။ ယင်းဆုအတွက် ဆုကြေးငွေပေါင် ၂၀၀၀၀ ရရှိတယ်လို့ သိရပါတယ်။ ဒီဆုကို ၁၉၉၂ခုနှစ်ကစပြီး ဗြိတိသျှနဲ့ အိုင်ယာလန်အဆိုတော်တွေထဲမှ အကောင်းဆုံးသီဆိုနိုင်တဲ့ အဆိုတော်ကို ရွေးချယ်ပြီး ဆုချီးမြှင့်ခြင်းဖြစ်ပါတယ်။ **(အင်တာနက်)**

အဆိုတော် မက်ဒေါနား တစ်ဒါဇင်မြောက် အယ်လ်ဘမ်ထွက်မည်

နယူးယောက် စက်တင်ဘာ ၁၁

ကမ္ဘာကျော်အဆိုတော် မက်ဒေါနား **(ယာပုံ)**သည် တစ်ဒါဇင်မြောက်တေးအယ်လ်ဘမ်ကို လာမည့်နွေဦးရာသီတွင် ထွက်ရှိလာလိမ့်မည်ဖြစ်ကြောင်း ဘေလ်ဘုတ်က သတင်းထုတ်ပြန်သည်။

ပေါ့ပ်အဆိုတော် မက်ဒေါနားက တေးအယ်လ်ဘမ်သစ်ထွက်ရှိရန် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ဆွီဒင်ရုပ်မြင်သံကြားနှင့် တွေ့ဆုံမေးမြန်းစဉ် ပြောကြားလိုက်ခြင်းဖြစ်သည်။ **"ဒီစတူဒီယို တေးအယ်လ်ဘမ်သစ်ကို နယူးယောက်မှာ အသံသွင်းနေပါတယ်။ လာမယ့်နှစ် ဖေဖော်ဝါရီ သို့မဟုတ် မတ်လမှာ ထွက်ရှိလာမယ်လို့ မျှော်လင့်ရပါတယ်"**ဟု အဆိုတော် မက်ဒေါနားက ပြောကြားသည်။

အရောင်းရဆုံး

မက်ဒေါနားသည် ဝါနာဘရော့စ်မှ ထွက်ခဲ့ပြီးနောက် ၎င်းတေးအယ်ဘမ်မှာ ပထမဆုံးထွက်ရှိလာမည့် အယ်လ်ဘမ်ဖြစ်သည်။ ယင်းတေးသံသွင်းသည် မက်ဒေါနား၏ သီချင်းများစွာ သွင်းခဲ့သည့် တေးသံသွင်းဖြစ်သည်။ ပေါ့ပ်အဆိုတော် မက်ဒေါနား၏ ၂၀၀၈ ခုနှစ်က ထွက်ရှိခဲ့သော Hard Candy အမည်ရှိတေးအယ်လ်ဘမ်မှာ Billboard ၂၀၀ အရောင်းရဆုံးစာရင်းတွင် နံပါတ်တစ် အရောင်းရဆုံးတေးအယ်လ်ဘမ်ဖြစ်ခဲ့သည်။ **(အင်တာနက်)**

ကမ္ဘာကျော် အဆိုတော်တေလာဆွစ် ကျေးလက်ဂီတဆုဆွတ်ခူးရန် ရေပန်းစား

လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၁၁

အသက် ၂၁နှစ်သာရှိသေးတဲ့ ကမ္ဘာကျော်အမေရိကန် အမျိုးသမီးအဆိုတော် တေလာဆွစ် (Taylar Swift) **(ဝဲပုံ)** ဟာ ယခုနှစ် ကျေးလက်တေးဂီတအသင်းဆု (Country Music Assocation Awards -CMAs) ငါးဆု ဆွတ်ခူးနိုင်လိမ့်မယ်လို့ သတင်းများထွက်ပေါ်နေပါတယ်။

လက်ခံကျင်းပ

ဒီဆုကို ဆွတ်ခူးဖို့ ရေပန်းစားနေတဲ့အထဲမှာ အမျိုးသားတေးသံရှင်တွေဖြစ်ကြတဲ့ ဘလိတ်ရှယ်လ်တန် (Blake Shelton)၊ ဘရက်ဒ် ပရက်စလေ (Brad Prisley) နဲ့ ဂျက်ဆင်အာဒင်း (Jason Aldean) တို့လည်း ပါဝင်ပါတယ်။ သူတို့လေးယောက်စလုံးဟာ တစ်နှစ်တာ အကောင်းဆုံးအယ်လ်ဘမ်ဆုဆွတ်ခူးမယ်လို့ ရေပန်းစားနေကြသူတွေပါ။ ဒါ့အပြင် အမျိုးသားအကောင်းဆုံးတေးသံရှင်ဆုနဲ့အမျိုးသမီးအကောင်းဆုံးတေးသံရှင်ဆုတွေလည်း ဆွတ်ခူးမယ်လို့ သတင်းများထွက်ပေါ်နေပါတယ်။ သူတို့လေးယောက်စလုံးဟာ အမြင့်ဆုံးဆုဖြစ်တဲ့ တစ်နှစ်တာ အကောင်းဆုံး သီဆိုဖျော်ဖြေမှုဆုကိုလည်း ဆွတ်ခူးမယ်လို့ မျှော်လင့်ထားကြပါတယ်။ ဒီကျေးလက်တေးဂီတဆုပေးပွဲကိုတော့ လာမယ့်နိုဝင်ဘာ ၇ ရက်မှာ အမေရိကန်နိုင်ငံ နယ်ရှ်ဗီးလ်လီရှိ ဘရစ်ဂျက်စတုန်းအားကစားကွင်းကြီးမှာ လက်ခံကျင်းပမှာဖြစ်ကြောင်း သိရပါတယ်။ **(အင်တာနက်)**

12-9 (12).pmd 1 9/12/2011, 3:38 AM

ပြဟ္မစရိယဉ္စ ဧတံ မင်္ဂလ မုတ္တမံ = မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

ကျောင်းသား ကျောင်းသူများအား လောကနီတိ၊ ပြည်သူ့နီတိ အလေ့အကျင့်ကောင်းများကို လေ့ကျင့်ပေးရေးနှင့် ပညာရည်မြင့်မားရေးဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၁

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြအေးသည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ မြို့နယ်ပညာရေးမှူး၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းအုပ်ကြီးများအားတွေ့ဆုံပြီး အမှာစကားပြောကြားရာတွင် ပညာရေးဝန်ထမ်းများအနေဖြင့် ဆရာ့ဂုဏ်သိက္ခာမထိပါွန်းစေဘဲ ကြိုးပမ်းဆောင်ရွက်ကြရန်၊ ချမှတ်ထားသော ပညာရေးမူဝါဒများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ ကျောင်းသားကျောင်းသူများ၏ စိတ်ဓာတ်မြင့်မားနေအောင်မြှင့်တင်ပေးရန်၊ ကျောင်းအုပ်ချုပ်ရေးနှင့် သင်ကြားရေးလုပ်ငန်းများ ထိရောက်အောင် ကြိုးစားအားထုတ်ကြရန်၊ ဆရာ့ကျင့်ဝတ်နှင့် နာယကဂုဏ်တို့ကို လေးစားစောင့်ထိန်းရန်၊ လောကနီတိ၊ ပြည်သူ့နီတိအလေ့အကျင့်ကောင်းများကို လေ့ကျင့်ပို့သွင်းပေးရန်နှင့် ပညာရည်မြင့်မားရေးအတွက် အလေးထားဆောင်ရွက်ရန်တို့ကို မှာကြားသည်။ **(ယာပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရမည်းသင်းမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ၂၁ လက်မ တီဗွီတစ်လုံး၊ ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ်ဒါဇင် ၁၀၀၊ လွယ်အိတ် ၂၅ လုံးနှင့် ခဲတံ ၂၅ ဒါဇင်တို့ကို ကျောင်းအုပ်ဆရာကြီး၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်တပ်ကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မြို့နယ်ပညာရေးမှူး၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်တပ်ကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအတွက် ၂၁ လက်မ တီဗွီတစ်လုံး၊ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ် ဒါဇင် ၁၀၀၊ လွယ်အိတ် ၂၅ လုံးနှင့် ခဲတံ ၂၅ ဒါဇင်တို့ကို ကျောင်းအုပ်ဆရာကြီး၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း မှတ်ပုံတင်သက်တမ်း ကြာမြင့်ယာဉ်များအား ပယ်ဖျက်ရေးနှင့် အစားထိုးယာဉ်တင်သွင်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူလူထုအကျိုးစီးပွားကို ရှေးရှု၍ မှတ်ပုံတင်သက်တမ်းကြာမြင့်ယာဉ်များအား ပယ်ဖျက်ရေးနှင့် အစားထိုးယာဉ်တင်သွင်းရေး အမြန်ဆုံးဆောင်ရွက်ပေးရန် စီစဉ်နေ

နေပြည်တော် စက်တင်ဘာ ၁၁

မှတ်ပုံတင်သက်တမ်းကြာမြင့်ယာဉ်များအား ပယ်ဖျက်ရေးနှင့် အစားထိုးယာဉ်တင်သွင်းရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များတွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲသို့ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ ပြည်တွင်းဂျာနယ်များမှ စာတည်းများနှင့် သတင်းထောက်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးအောင်မင်းတို့က နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုဖြင့် ပြည်သူလူထုအကျိုးစီးပွားကို ရှေးရှု၍ မှတ်ပုံတင်သက်တမ်းကြာမြင့်ယာဉ်များအား ပယ်ဖျက်ရေးနှင့် အစားထိုးယာဉ်တင်သွင်းရေးဆိုင်ရာ လုပ်ငန်းကိစ္စအဝဝကို အမြန်ဆုံးဆောင်ရွက်ပေးသွားရန်စီစဉ်နေမှု၊ ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံ စသည့် နိုင်ငံများမှ မော်တော်ယာဉ်ထုတ်လုပ်သည့် ကုမ္ပဏီများနှင့် ဆက်သွယ်ပြီး ယာဉ်အရောင်းပြခန်း (Show Room) များ ဖွင့်လှစ်ရောင်းချရန်စီစဉ်နေမှု၊ အနာဂတ်ကာလများတွင် မြန်မာမီနီဆလွန်းကားများကိုပါ (Show Room) များတွင် ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ပြည်တွင်းမော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်းများ အောင်မြင်ရေးနှင့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်လုပ်နိုင်ရန် စိစစ်ဆောင်ရွက်ပေးနေမှု၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များရှိ ဟောင်းနွမ်းဘတ်စ်ကားများကို စီးတီးဘတ်စ်ကားများဖြင့် အစားထိုးပေးသွားမည့် အစီအမံများ၊ ပြည်သူများအနေဖြင့် တရားဝင်ယာဉ်များနှင့် စက်ရုံထုတ်ယာဉ်အသစ်များကို သိက္ခာရှိစွာ စီးနင်းနိုင်ရန် စနစ်တကျ ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို အဆင်ပြေချောမွေ့စေရေး စီစဉ်ဆောင်ရွက်ပေးနေမှုများ၊ ပြည်ပတွင် ရောက်ရှိနေသော အလုပ်သမားများအနေဖြင့် ၎င်းတို့၏ ဝင်ငွေများကို အကျိုးရှိစွာ အသုံးချနိုင်မှု၊ ပြည်သူလူထုအကျိုးစီးပွားအတွက် လုပ်ငန်းကိစ္စအဝဝကို အဆင်ပြေချောမွေ့စေရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးသွားမည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသွားသည်။ *စာမျက်နှာ ၈ ကော်လံ ၄* ❍

မောင်မောင်မြင့်ဆွေ ➤ ရေးသားသည်

ရီးရဲမက်ဒရစ် နိုင်ပွဲရ ဘာစီလိုနာတို့ သရေပွဲကျ

မက်ဒရစ် စက်တင်ဘာ ၁၁

စပိန်လာလီဂါ ပွဲစဉ် (၂)ကို စက်တင်ဘာ ၁၁ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ရီးရဲမက်ဒရစ်က ဂီတာဖေးကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(အောက်ပုံ)**

သရေပွဲဖြစ်ခဲ့

ရီးရဲမက်ဒရစ်အတွက် ဂိုးများကို ပွဲချိန် ၁၄ မိနစ်နှင့် ၆၉ မိနစ်၌ ဘင်ဇီမာက နှစ်ဂိုး သွင်းယူခဲ့သည်။ ထို့နောက် ဒုတိယပိုင်း ပွဲချိန် ၅၉ မိနစ်၌ ပယ်နယ်တီမှတစ်ဆင့် စီရိုနယ်ဒိုက တစ်ဂိုး သွင်းယူပေးခဲ့သည်။ တစ်ဖန် ပွဲချိန် ၈၈ မိနစ်၌ ဟီဂူအင်က တစ်ဂိုး သွင်းယူပေးခဲ့ပြန်သဖြင့် ရီးရဲမက်ဒရစ်တို့ လေးဂိုးရရှိခဲ့ခြင်း ဖြစ်သည်။ ဂီတာဖေးအသင်းအတွက် ချေပဂိုးနှစ်ဂိုးကို ပွဲချိန် ၃၈ မိနစ်၌ မီကူက တစ်ဂိုး၊ ပွဲချိန် ၇၃ မိနစ်၌ မီကူကပင် တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် ချေပဂိုးနှစ်ဂိုး ရရှိခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ ဂိုးဆက်လက်မသွင်းနိုင်ခဲ့သဖြင့် ရီးရဲမက်ဒရစ်တို့ လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။ အခြားပွဲများအဖြစ် ဗလင်စီယာက အက်သလက်တီကို မက်ဒရစ်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဘာစီလိုနာက ရီးရဲဆိုစီဒက်နှင့် နှစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့သည်။ ဘာစီလိုနာအတွက် ဇာဗီနှင့် ဖာဘရီဂတ်စ်တို့က ၉ မိနစ်နှင့် ၁၁ မိနစ်တို့တွင် ဂိုးများသွင်းယူနိုင်ခဲ့သော်လည်း ရီးရဲဆိုစီဒက်တို့က ချေပဂိုးများ သွင်းယူခဲ့သဖြင့် သရေပွဲဖြစ်ခဲ့ရခြင်း ဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၄ ❐